
• လက်ကမ်းစာအုပ် ၁ •

# မြန်မာနိုင်ငံတွင် ဥပဒေဖြင့်ဖိနှိပ်ခြင်းနှင့် တရားဥပဒေစိုးမိုးမှု ကင်းမဲ့လာခြင်း



EarthRights International

ဤစာအုပ်တွင် ဖော်ပြပါရှိမှုများသည် ဥပဒေအရ ချည်နှောင်မှုရှိသည်ဟူ၍လည်းကောင်း ဥပဒေအကြံပေးချက်အနေဖြင့်လည်းကောင်း မမှတ်ယူသင့်ပါ။ မြန်မာနိုင်ငံတွင် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို ခုခံကာကွယ်သူများသည် ရာဇဝတ်မှုမြောက်စေမှုနှင့် တရားစီရင်ရေးအရနှောင့်ယှက်မှုများကို ရှောင်ရှားဖို့ရန် ကြိုးစားလုပ်ဆောင်နိုင်သည့် အရာများစွာရှိသော်လည်း ယင်းကဲ့သို့တက်ကြွလှုပ်ရှားမှုကြောင့်သော်လည်းကောင်း မြန်မာနိုင်ငံမှလာသူသို့ မြန်မာနိုင်ငံအတွင်းရှိနေရုံမျှဖြင့် ကြုံတွေ့ရနိုင်သည့် အန္တရာယ်များနှင့် ခြိမ်းခြောက်မှုများအပေါ် အကာအကွယ်ပေးနိုင်မည့် အာမခံချက်မရှိပေ။

တစ်ဦးချင်း အခြေအနေများအပြင် မြန်မာနိုင်ငံရှိ နောက်ခံအနေအထားများနှင့် ပြည်ပရှိ မြန်မာအစုအဖွဲ့များအကြားရှိ နောက်ခံအနေအထားများသည် တမူထူးခြားပြီး စဉ်ဆက်မပြတ် ပြောင်းလဲလျက်ရှိပါသည်။ ဤစာအုပ်တွင် ပါဝင်သောအကြောင်းအရာများကို လမ်းညွှန်မှု၊ အကြံဉာဏ်နှင့် အကြံပြုချက်များအဖြစ်သာ မှတ်ယူသင့်ပါသည်။ စာဖတ်သူများသည် ဤစာအုပ်တွင်ပါဝင်သည့် အကြောင်းအရာတစ်ခုချင်းစီ၏အသုံးဝင်နိုင်မှုကို မိမိတို့၏ သီးခြားအခြေအနေများနှင့် ချိန်ထိုးအကဲဖြတ်ရန် လိုအပ်ပါသည်။

ဤလက်ကမ်းစာအုပ်ကို EarthRights International မှရေးသားထုတ်ဝေပါသည်။

ထုတ်ဝေသည့်နေရာ - ထိုင်းနိုင်ငံ

ထုတ်ဝေသည့်ခုနှစ် - ၂၀၂၄

# မာတိကာ


၁ (က)။ ၂၀၂၁ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး အပေါ် သက်ရောက်မှုများ ၂

၁ (ခ)။ အာဏာသိမ်းမှုနောက်ပိုင်းလူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ Earth Rights Defenders (ERDs)၊ ရှေ့နေများအပေါ် ခြိမ်းခြောက်ဖမ်းဆီး နှိပ်စက်ခံရမှုများ။ ၂၄

၁ (ဂ)။ အရပ်သားအစိုးရများအုပ်ချုပ်ခဲ့သည့် ၂၀၁၀ ခုနှစ် အလွန်ကာလ မြန်မာနိုင်ငံ၏ ဥပဒေပြုရေးအလားအလာနှင့် ပြည်သူအပေါ်ဖိနှိပ်မှုများကို လေ့လာကြည့်ခြင်း ၃၀

အဖြေများ ၃၄

အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များ ၃၅

ကိုးကားချက်များ ၃၉

## လေ့လာသင်ယူမှုရည်မှန်းချက်များ

| ဗဟုသုတ ရည်မှန်းချက်များ | စွမ်းရည် ရည်မှန်းချက်များ | စံနှုန်း ရည်မှန်းချက်များ |
|---|---|---|
| ဤစာအုပ်ကိုလေ့လာခြင်းကြောင့် သင်သည်အောက်ပါတို့ကိုပိုမိုနားလည်လာပေမည်။<br><br>• မြန်မာ့နိုင်ငံရေးပြောင်းလဲမှုများသည် တရားစီရင်ရေးစနစ်နှင့် ဥပဒေများအပေါ်သက်ရောက်မှုကြီးမားသည်ကို လေ့လာနိုင်မည်ဖြစ်သည်။<br>• အာဏာသိမ်းမှုနောက်ပိုင်းလူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၊ ERDs များနှင့်ရှေ့နေများအပေါ်ခြိမ်းခြောက်ဖမ်းဆီးနှိပ်စက်ခံရမှုများကို သိရှိလာမည်ဖြစ်သည်။<br>• အာဏာသိမ်းပြီးနောက်ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့်ဥပဒေများ၊ အသစ်ပြဋ္ဌာန်းသည့် ဥပဒေများသည်ပြည်သူများ၏ အခြေခံလူ့အခွင့်အရေးနှင့် ရပိုင်ခွင့်များကို များစွာဖိနှိပ်ကန့်သတ်ထားကြောင်းနှင့်ထိုအခြေအနေများကိုရင်ဆိုင်ကျော်လွှားနိုင်မည့်နည်းလမ်းများကို သိရှိသွားနိုင်မည်။ | ဤစာအုပ်ကိုလေ့လာခြင်းကြောင့် သင်သည်အောက်ပါစွမ်းရည်များတိုးတက်လာပေမည်။<br><br>• မြန်မာနိုင်ငံတွင် အာဏာသိမ်းမှုဖြစ်ပွားပြီးနောက်ပြင်ဆင်သောဥပဒေများကို အသေးစိတ်သေချာလေ့လာနိုင်ပြီး အဆိုပါဥပဒေဖြင့် ဖမ်းဆီးခံရပါကဖြေရှင်းနိုင်မည့် နည်းလမ်းများသိရှိလာနိုင်ပါမည်။<br>• မိမိ၏ အခွင့်အရေးကို ကာကွယ်နိုင်ရန်  ကန့်သတ်ချက်များ ၊ ခြိမ်းခြောက်မှုများ၊ ထိန်းချုပ်ခံရမှုများကြားထဲမှ  ရှောင်လွှဲနိုင်မည့် နည်းလမ်းများကို ရှာဖွေလာနိုင်မည်။ | ဤစာအုပ်ကို လေ့လာခြင်းကြောင့် သင်သည် အောက်ပါအကြောင်းအရာများကိုသုံးသပ်လာပေမည်။<br><br>• ဖမ်းဆီးခံရပါက မည်သည့်ပုဒ်မဖြင့် တရားစွဲဆိုထားလျှင် မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းနိုင်ကြောင်း  စွမ်းရည်များ ရရှိလာနိုင်မည်။<br>• မိမိကိုယ်တိုင်၏ လုံခြုံရေးနှင့်မိမိလုပ်ငန်းများအပေါ် ကြုံတွေ့လာနိုင်သော ဘေးအန္တရာယ်ခြိမ်းခြောက်မှုများ ၊ စိန်ခေါ်မှုများကို ကြိုတင်သိရှိနိုင်ပြီးကာကွယ်မှုများ ပြုလုပ်လာနိုင်မည်။<br>• အစိုးရအဆက်ဆက်၏ ပြည်သူများအပေါ် ဖိနှိပ်ထားနိုင်သောဥပဒေများအကြောင်းသိနားလည်လာပြီးသက်ဆိုင်ရာပုဒ်မများ၏ ပြစ်မှု၊ပြစ်ဒဏ်များကို သိရှိနိုင်မည်ဖြစ်သည်။ |

## ၁ (က)။ ၂၀၂၁ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး အပေါ် သက်ရောက်မှုများ

မြန်မာနိုင်ငံတွင် စစ်တပ် အာဏာသိမ်းမှုအပြီး ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ (၁)ရက်နေ့ကတည်းကပင် မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးစနစ် ပျက်သုန်းသွားခဲ့ရပြီ ဖြစ်ပါသည်။ အစိုးရအဆက်ဆက် ပွင့်လင်းမြင်သာမှု မရှိသည့် တရားစီရင်ရေးစနစ်သည် နိုင်ငံ့အာဏာကို မတရားသဖြင့် သိမ်းယူခဲ့သည့် စစ်ကောင်စီ ၏ ထိန်းချုပ်ခြင်းခံခဲ့ရပြီး တရားရုံးများတွင် ၎င်းတို့အလိုကျ စီရင်ဆုံးဖြတ်ရသည့် တရားစီရင်ရေးစနစ် ထွန်းကားလာခဲ့ရပါသည်။

အရပ်သားအစိုးရများ အုပ်ချုပ်ခဲ့စဉ်ကာလများက တရားမျှတမှု၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး ဆိုသည်များကို လူထုမှ အရေးဆိုတင်ပြနိုင်သည့် အခွင့်အရေးများရရှိခဲ့သည်ဟု ပြောဆိုနိုင်ပါသော်လည်း ၎င်းသည် အကန့်အသတ်ဖြင့်သာ ရရှိခဲ့ခြင်းဖြစ်ပါသည်။

အာဏာသိမ်းမှုဖြစ်ပွားပြီးနောက်ပိုင်းတွင် နိုင်ငံသားတစ်ဦးရပိုင်ခွင့်ရှိသည့် အခြေခံအခွင့်အရေးများပင် ဆုံးရှုံးခဲ့ရသည့်အပြင် ဥပဒေအရ အကာအကွယ်ရပိုင်ခွင့်တို့မှာလည်း ပျောက်ကွယ်သွားခဲ့ရပါတော့သည်။

### ၁.၁။ တရားဥပဒေ စိုးမိုးမှု ကင်းမဲ့သွားရခြင်း

မြန်မာစစ်တပ်သည် နိုင်ငံတော်အာဏာကို သိမ်းယူပြီးနောက် ၁ ရက်အကြာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် နေ့တွင်ဖွဲ့စည်းခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ -၄၁၉ အရ အုပ်ချုပ်ရေးဆိုင်ရာ အမြင့်ဆုံးအဖွဲ့အစည်းဟု ၉/၂၀၂၁ ထုတ်ပြန်ချက်ဖြင့် ကြေငြာခဲ့ပါသည်။[၁] ၎င်းနောက်တွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ မဏ္ဍိုင်ကြီး (၃)ရပ်လုံးကို ၎င်းတို့က လိုသလို ပြောင်းလဲခဲ့ပါသည်။ အရပ်သား အစိုးရလက်ထက် ပြည်ထောင်စုတရားလွှတ်တော်မှ တရားသူကြီးအချို့ကို တာဝန်မှ ရပ်နားခဲ့ပြီး[၂] အစားထိုးခန့်အပ်မှုများ ပြုလုပ်ခဲ့ပါသည်။[၃] ခေတ်အဆက်ဆက် လွတ်လပ်မှုအားနည်းသည့် တရားစီရင်ရေး၏ အောက်တွင် ပြည်သူလူထုမှာ ဥပဒေအရ အကာအကွယ်ရပိုင်ခွင့်များ မျက်ကွယ်ပြုခြင်းကို ခံထားရသည်မှာ ကာလကြာရှည်နေပြီ ဖြစ်ပါသည်။ လွတ်လပ်စွာ စီရင်ဆုံးဖြတ်ပိုင်ခွင့်ကို အကန့်အသတ်ဖြင့်သာ လုပ်ဆောင်ခွင့်ရှိခဲ့သည့် တရားစီရင်ရေးအဖွဲ့အစည်း ယန္တရားတစ်ခုလုံးသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁)ရက်နေ့မှ စတင်ကာ လွတ်လပ်စွာစီရင်ဆုံးဖြတ်ခွင့် အလုံးစုံပျောက်ဆုံးခဲ့ကြရသည့်အပြင် တရားဥပဒေစိုးမိုးမှုစနစ်လည်း ပျက်သုန်းသွားခဲ့ရသည်။

---

၁ Office of the Commander-In-Chief of Defence Services၊အမိန့်အမှတ်(၉/၂၀၂၁)၊ ထုတ်ပြန်ချက်, February 2, 2021, https://cincds.gov.mm/node/10467?d=1 [accessed June 19, 2023].

၂ *Myanmar News Agency,* 'Duty Termination of Justices of Supreme Court of the Union,' *The New Global Light of Myanmar,* February 5, 2021, https://www.gnlm.com.mm/duty-termination-from-justices-of-supreme-court-of-the-union/ [accessed May 26, 2023].

၃ *Myanmar News Agency,* 'Appointment and Duty Assignment of Supreme Court Justices,' *The New Global Light of Myanmar,* February 8, 2021, https://www.gnlm.com.mm/appointment-and-duty-assignment-of-supreme-court-justices/ [accessed May 26, 2023].

## ၁.၂။ ဥပဒေပြုရေး လုပ်ငန်းစဉ်များအပေါ် သက်ရောက်မှုများ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက် အာဏာသိမ်းအပြီး စစ်ကောင်စီက နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရတာဝန်ရှိသူများ၊ နိုင်ငံရေးသမားများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ထင်ပေါ်ကျော်ကြားလူသိများသည့် လူပုဂ္ဂိုလ်များကို ရွေးကောက်ပွဲမဲရလဒ်များ လိမ်လည်သည်ဟုဆိုကာ အကြောင်းပြချက်မရှိ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပုဒ်မ- ၄၁၉ အရ ယခင်အစိုးရလက်ထက် တည်ဆဲဥပဒေများ၊ နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုတ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထို့နောက် ဖော်ပြပါ ၎င်းတို့ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ကြီးလေးသည့် ပြစ်မှု၊ ပြစ်ဒဏ် များဖြင့် ဖမ်းဆီးခံခဲ့ရသော အပြစ်မဲ့ပြည်သူများအပေါ် ဖိနှိပ်မှုများစတင်လုပ်ဆောင်ခဲ့ကြလေသည်။ ၎င်းတို့ ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ဥပဒေများမှ အဓိကကျသည့်ဥပဒေအချို့ကို ကောက်နှုတ်ဖော်ပြရသော်-

### ၁.၂.၁) ရာဇသတ်ကြီးနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေများကို ပြင်ဆင်ခြင်း

### စာအမြည်း

အာဏာသိမ်းပြီးနောက်ပိုင်း ပြင်ဆင်လိုက်သော ရာဇဝတ်မှုဆိုင်ရာဥပဒေသည် ERDs များအပေါ် ခြိမ်းခြောက်မှုရှိနေကြောင်း အထက်တွင် ဖော်ပြထားပြီးဖြစ်ပါသည်။ အာဏာသိမ်းစစ်ကောင်စီမှ ပြင်ဆင်လိုက်သည့် ရာဇသတ်ကြီး ပုဒ်မ- ၅၀၅ ဖြင့် တရားစွဲဆိုခံရလျှင် အာမခံရရှိနိုင်သည့် အခွင့်အရေး ဆုံးရှုံးနေသည့်အပြင် ပြစ်ဒဏ်များကို တိုးမြှင့်ပြဋ္ဌာန်းထားသည်ကို သိရှိရန်လိုအပ်သည်။

အာဏာသိမ်း စစ်ကောင်စီသည် ရာဇသတ်ကြီး နှင့် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခြင်းများ ပြုလုပ်ခဲ့ပြီး '၎င်းတို့နှင့် ဆက်နွယ်ပတ်သက်သော အစုအဖွဲ့များကို လေးစားမှုမရှိပဲ ဝေဖန်ပြောဆိုသည်၊ ပြောဆိုရန် လှုံ့ဆော်သည်' ဆိုသည့် အကြောင်းပြချက်များဖြင့် ဖမ်းဆီးအရေးယူနိုင်သည့် ဥပဒေပုဒ်မများကို ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်ကို တွေ့မြင်ရပါသည်။

ရာဇသတ်ကြီး ပုဒ်မ - ၁၂၁ 'နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်း' ဆိုသည့် ပြဋ္ဌာန်းချက်တွင် "၎င်းတို့ အားပုန်ကန်ရန် ကြိုးပမ်းမှုမှန်သမျှ" ဆိုသည့် တိကျမှုမရှိသည့်ပြဋ္ဌာန်းချက်မျိုးဖြစ်စေသည့် "ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မညီသည့် လုပ်ရပ်တစ်ခုခုဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် အခြားနည်းလမ်းတစ်ခုခုအရဖြစ်စေ" ဟု မူလဥပဒေတွင် ထပ်ဖြည့်ကာ ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့်အတွက် ဖိနှိပ်ခံပြည်သူများအပေါ် ဖမ်းဆီးချင်သလို ဖမ်းဆီးနိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းခဲ့သည်မှာ မြင်သာပေသည်။[၄]

ထို့အပြင် ၎င်းပြစ်မှုဖြင့် ဖမ်းဆီးအရေးယူခံရပါက သေဒဏ် (သို့မဟုတ်) ထောင်ဒဏ် အနှစ်(၂၀) အထိ ချမှတ်နိုင်သောပြစ်ဒဏ်များ ချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည့်အတွက် အကြောင်းမဲ့ ဖမ်းဆီးကာ အပြစ်ပေးအရေးယူခံရသူများအတွက် ဥပဒေအရအခွင့်အရေးနှင့် ကုစားခွင့်ဆိုသည်များက ပျောက်ဆုံးလျက် ရှိနေပေသည်။

၄ Sarpay Beikman, ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်ထုတ် အတွဲ (၇၄)၊ အမှတ် (၁၆) ပြန်တမ်းစာစောင်, April 16, 2021, https://www.mediafire.com/file/3wgsq8smd27m04c/Vol–74,No–16.pdf/file [accessed June 16, 2023].

ထို့အတူ ရာဇသတ်ကြီး ပုဒ်မ- ၁၂၄-က တွင် ယခင်ဥပဒေပြဋ္ဌာန်းချက်ပါ 'အစိုးရ' ကို အမုန်းထားအောင် (သို့) မလေးစားအောင် (သို့) ထိုသို့ပြုလုပ်ရန် အားထုတ်လျှင် (သို့) မေတ္တာပျက်အောင်လှုံ့ဆော်လျှင် (သို့) လှုံ့ဆော်ရန် အားထုတ်လျှင်ဟူသော ပြဋ္ဌာန်းချက်တွင် ယခုတွင် "အစိုးရ၊ တပ်မတော် နှင့် တပ်မတော်သားများ'' ပါ အကျုံးဝင်ကြောင်း ဖြည့်စွက်ပြဋ္ဌာန်းလိုက်ခြင်း ဖြစ်သည်။[၅]

ထိုသို့ ပြဋ္ဌာန်းလိုက်ခြင်းအားဖြင့် တပ်မတော်နှင့်တပ်မတော်သားတို့၏ ပြုလုပ်မှုများအပေါ် အပြုသဘော ဆောင်၍ ဝေဖန်၊ ထောက်ပြ ပြောဆို၊ ရေးသားခြင်းများကို သဘောရိုးဖြင့် လုပ်ဆောင်ခဲ့သည့်တိုင်အောင် 'တပ်မတော်နှင့် တပ်မတော်သားများအား မုန်းအောင်၊ မလေးမစားအောင် ပြုလုပ်သည်' ဆိုသည့် အကြောင်းပြချက်ဖြင့် အပြစ်ပေးအရေးယူခြင်းများ ပြုလုပ်နေသည်ကို တွေ့မြင်နေရသည့်အတွက် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို လေးစားလိုက်နာခြင်း မရှိတော့သည့်အပြင် ဥပဒေကို လက်ကိုင်တုတ်သဖွယ် အသုံးချကာ ဖိနှိပ်နေမှုများပြုလုပ်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပေသည်။

ထို့ပြင် ပုဒ်မ- ၁၂၄(ခ) ၏နောက်တွင် ပြည်ထောင်စု၏ တပ်မတော်သို့မဟုတ် ဥပဒေစိုးမိုးရေး ဆောင်ရွက် နေသော အဖွဲ့အစည်းများအား ဖျက်ဆီးသည့် သို့မဟုတ် တားဆီးသည့် ဆောင်ရွက်မှုဖြစ်သည့် ပုဒ်မ- ၁၂၄(ဂ) တွင် "နိုင်ငံတော်တည်ငြိမ်ရေးကို ထိမ်းသိမ်းရန်အတွက် ဆောင်ရွက်နေသော တပ်မတော် (သို့) ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၏ အောင်မြင်မှု (သို့) စွမ်းဆောင်မှုကိုဖျက်ဆီးခြင်း (သို့) တားဆီးခြင်းပြုလျှင် (သို့) ကြံရွယ်လျှင် ရာဇဝတ်မှုမြောက်ကြောင်း၊ ငွေဒဏ်နှင့်တကွ ထောင်ဒဏ် အနှစ်(၂၀) အထိ ဖြစ်စေ၊ ငွေဒဏ်နှင့် တကွ ထောင်ဒဏ် (၁၀)နှစ်အထိ ဖြစ်စေ၊ ချမှတ်နိုင်သည့်အပြင် ငွေဒဏ်သက်သက်ဖြစ်စေ ချမှတ်အပြစ်ပေး နိုင်ကြောင်း" နှင့် ပုဒ်မ ၁၂၄-ဃ တွင်လည်း "တပ်မတော်သားများနှင့် အစိုးရအတွက် ယင်းတို့၏ လုပ်ငန်းတာဝန်ကို ထမ်းဆောင်သော အစိုးရဝန်ထမ်းများအား နည်းလမ်းတစ်ရပ်ရပ်အရဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ နှောင့်ယှက်တားဆီးခြင်း (သို့) ဆောင်ရွက်ခြင်းကို ပြုခြင်းသည်လည်း ရာဇဝတ်မှုမြောက်ကြောင်း၊ ငွေဒဏ်နှင့်တကွ ထောင်ဒဏ် (၇)နှစ် အထိဖြစ်စေ၊ ငွေဒဏ်သက်သက်ဖြစ်စေ ချမှတ်အပြစ်ပေးနိုင်ကြောင်းတို့ကို ဖြည့်စွက်ရေးသားပြဋ္ဌာန်းခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

ထိုကဲ့သို့ ပြင်ဆင်ဖြည့်စွက်လိုက်သော ဥပဒေပြဋ္ဌာန်းချက်များသည် အာဏာသိမ်းမှုကို ဆန့်ကျင်နေကြ သည့် ပြည်သူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်ဝန်ထမ်းများကို နှောက်ယှက်သည်၊ နှောင့်နှေးစေအောင် ပြုလုပ်သည်ဟူသောအချက်ဖြင့် အချိန်မရွေး ဖမ်းဆီးအပြစ်ပေး အရေးယူနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြင်ဆင်ရေးသားပြဋ္ဌာန်းခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေပေသည်။

၅ **State Administration Council,** ဥပဒေအမှတ် ( ၅ / ၂၀၂၁) ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ, February 14, 2021 https://www.mlis.gov.mm/mLsView.do;jsessionid=1084EB31452EB2BEEDE9746452ECC45C?lawordSn=15836 [accessed June 16, 2023].

## ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(က)

ဆန္ဒပြပွဲများကို အကြမ်းဖက်ဖြိုခွင်းပြီး အကြောင်းပြချက်မဲ့ဖမ်းဆီးခံရသူပြည်သူများကို ၎င်းတို့ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည့် ရာဇသတ်ကြီး - ၅၀၅ (က) ဖြင့် တရားစွဲဆို အပြစ်ပေးအရေးယူ ထောင်ချခြင်းနှင့် ဖမ်းဝရမ်းထုတ်ဆင့်၍ လိုက်လံဖမ်းဆီးသည့် ဖြစ်ရပ်များလည်း ယခုအချိန်အထိ မြောက်များစွာ ဖြစ်ပေါ်လျက်ရှိနေဆဲဖြစ်ပါသည်။

ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က) ကို ‘တပ်မတော်သားတစ်ဦးအား ဖြောင့်မတ်မှုကို ဖြစ်စေ၊ ကျန်းမာရေးကို ဖြစ်စေ၊ ကျင့်ဝတ်ကိုဖြစ်စေ၊ ပျက်ပြားစေရန်သော်လည်းကောင်း၊ ဖောက်ဖျက်စေရန်သော်လည်းကောင်း၊ သို့မဟုတ် ယင်းတို့၏ လုပ်ငန်းတာဝန်ကို ထမ်းဆောင်နေသော အစိုးရနှင့်စပ်လျဉ်းသည့် အစိုးရဝန်ထမ်း သို့မဟုတ် တပ်မတော်ကို နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ နှောက်ယှက်ခြင်း၊ သို့မဟုတ် ဟန့်တားခြင်းဖြစ်စေရန်သော်လည်းကောင်း ပြုလုပ်ခြင်း၊ သို့မဟုတ် ထိုသို့ပြုစေတန်ရာ အကြောင်းရှိလျှင် သို့မဟုတ်’ ဟု အစားထိုးပြင်ဆင်ခဲ့ပြီး မူလပြဋ္ဌာန်းထားသည့် ပုဒ်မ ၅၀၅ (က)၊(ခ)၊ (ဂ) များကို ပုဒ်မ ၅၀၅ (ခ)(ဂ)(ဃ) အဖြစ် ပြောင်းလဲပြင်ဆင်သည်ဟု မှတ်ယူရမည် ဖြစ်ပါသည်။

ထို့အပြင် ယခင်ရာဇသတ်ကြီး ပုဒ်မ ၅၀၅ ၏ နောက်တွင် အသစ်ထပ်မံပြင်ဆင်လိုက်သည့် ပုဒ်မ ၅၀၅-က ကို အောက်ပါအတိုင်း ဖြည့်စွက် ပြဋ္ဌာန်းထားပါသည်။

ပုဒ်မ ၅၀၅-က “အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထိတ်လန့်စေခြင်း၊ သွေးထိုး လှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း။”

မည်သူမဆို-

(က) နိုင်ငံသား တစ်စုကိုဖြစ်စေ၊ ပြည်သူလူထုကိုဖြစ်စေ ထိတ်လန့်စေလျှင် (သို့မဟုတ်) ထိတ်လန့်စေရန် အကြံရှိလျှင်၊
(ခ) မမှန်ကန်ကြောင်း ကြိုတင်သိရှိပါလျက် သို့မဟုတ် မမှန်ကန်ကြောင်း ယုံကြည်ရန်အကြောင်းရှိပါလျက် မမှန်သတင်းများ ဖြန့်ဝေမှု ပြုလုပ်လျှင် (သို့မဟုတ်) ဖြန့်ဝေရန် ကြံရွယ်လျှင်၊
(ဂ) အစိုးရဝန်ထမ်း တစ်ဦးဦးကိုဖြစ်စေ၊ အစိုးရဝန်ထမ်း တစ်ဖွဲ့ဖွဲ့ကိုဖြစ်စေ၊ အစိုးရဝန်ထမ်းအများကိုဖြစ်စေ ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်လျှင် (သို့မဟုတ်) ထိုသို့ ကျူးလွန်စေရန် ကြံရွယ်လျှင် (သို့မဟုတ်) လှုံ့ဆော်လျှင်

ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်သက်သက်ကိုဖြစ်စေ၊ ငွေဒဏ်နှင့်တကွဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။ ၎င်းအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အများပြည်သူ ထိတ်လန့်ကြောက်ရွံ့အောင် ကြံရွယ်ခြင်း၊ သတင်းအမှားဖြန့်ဝေခြင်း၊ သို့မဟုတ် ဖြန့်ဝေရန် ကြံစည်ခြင်း၊ အစိုးရဝန်ထမ်းများအပေါ် ပြစ်မှုကျူးလွန်ခြင်း၊ ကျူးလွန်ရန် ကြံစည်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပြုလုပ်မှုဆိုသည့် ရေးသားချက်များ အသစ်ဖြည့်စွက် ပြဋ္ဌာန်းလိုက်ခြင်း ဖြစ်သည်။

၎င်းအပြင် ပုဒ်မ- ၅ဝ၅(က) အတွက် ပို၍ကြီးလေးသည့် ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် ၃နှစ်အထိ ချမှတ်နိုင်သည့် ဥပဒေပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ရာဇဝတ်ကျင့်ထုံးဥပဒေ စာတိုင်-၂ တွင်လည်း ဝရမ်းမပါပဲဖမ်းဆီးခွင့်ရှိကြောင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။

ရာဇသတ်ကြီးပုဒ်မများတွင် အမြင့်ဆုံးပြစ်ဒဏ် ထောင်ဒဏ် ၃နှစ်အောက်ချမှတ်ရမည့် ပုဒ်မတိုင်းလိုလိုမှာ အာမခံပေးရမည်ဟု ပြဋ္ဌာန်းထား[၆]သော်လည်း ယင်းမှာ အာမခံမပေးနိုင်သော ပုဒ်မဖြစ်သဖြင့် (အာမခံပေးခြင်းမှာ တရားရုံး၏ ဆင်ခြင်တုံတရားဖြင့် လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်အရ အာမခံပေးခွင့်ရှိသော်လည်း ရပိုင်ခွင့်တစ်ရပ်အနေဖြင့် မတောင်းဆိုနိုင်ပါ) စစ်ကောင်စီလက်အောက်ခံ တရားရုံးများမှာ လွတ်လပ်သည့် စီရင်ပိုင်ခွင့်အာဏာ ဆုံးရှုံးနေကာ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၇(၁) ခြွင်းချက်အရ အာမခံပေးနိုင်သည့် အမျိုးသမီးများနှင့် နာမကျန်းသူ၊ ချို့နဲ့သူများသည်ပင်လျှင် အာမခံရပိုင်ခွင့် ဆုံးရှုံးနေပါသည်။

"ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ - ၄၉၆ နှင့် ၄၉၇ တို့၏ ကောက်ယူနိုင်သည့်မှုအရ အာမခံပေးခြင်းသည် အစဉ်အလာနည်းဥပဒေသဖြစ်၍ ငြင်းပယ်ခြင်းမှာ ခြွင်းချက်ဖြစ်သည်။ "ဥပဒေအရ တရားခံကိုအပြစ်ရှိသည်ဟု သက်သေထင်ရှားမပြနိုင်သေးသမျှ အပြစ်ကင်းသည်ဟုမှတ်ယူရမည်" ဆိုသည့်မူသဘောအရ တရားလိုပြသက်သေများကို ဩဇာလွှမ်းမိုးတန်ရာသည်၊ ခြိမ်းခြောက်တန်ရာသည် သို့မဟုတ် အာမခံပေးလိုက်လျှင် ထွက်ပြေးတန်ရာသည်ဟု ယူဆနိုင်သည့်လူမျိုး မဟုတ်လျှင် အမှုစစ်ဆေးနေစဉ်အတွင်း ၎င်းအား အာမခံဖြင့် လွှတ်ထားသင့်ကြောင်း[၇]" ဆိုသည့် ဥပဒေမူကို ထည့်သွင်းစဉ်းစားမှု မရှိသည်မှာ ထင်ရှားနေပါသည်။

ထို့ပြင် ပြင်ဆင်လိုက်သည့် ရာဇသတ်ကြီး ပုဒ်မ ၁၂၁(က)၊(ခ) တို့နှင့် ပတ်သတ်၍ ကျင့်ထုံးဥပဒေတွင် ဝရမ်းမပါပဲဖမ်းဆီးခွင့်ရှိကြောင်း၊ ကျေအေးခွင့်မရှိကြောင်း၊ အာမခံမပေးနိုင်ကြောင်းနှင့် သေဒဏ်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း[၈] ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည်။ထိုကဲ့သို့ ပြင်ဆင်ပြဋ္ဌာန်းချက်များသည် မူလဥပဒေပြဋ္ဌာန်းချက် အဓိပ္ပါယ်နှင့်သွေဖီလျက်ရှိနေသည်ကို တွေ့ရှိရပြီး၊ ပြစ်ဒဏ်ပေးသည့် မူသဘောအရ အမြင့်ဆုံးဖြစ်သောသေဒဏ်ကို ထည့်သွင်းပြဋ္ဌာန်း ပြင်ဆင်ခဲ့သည်ကို တွေ့ရပါသည်။

ပုဒ်မ- ၁၂၁ (က) "တိုင်းရင်းသား၊ လူမျိုး၊ မျိုးနွယ်စု သို့မဟုတ် ဘာသာရေးအုပ်စု တစ်စုလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့်-

(က) ယင်းအုပ်စုဝင်များကို သတ်ဖြတ်သူ၊ သို့မဟုတ်

(ခ) ယင်းအုပ်စုဝင်များကို အပြင်းအထန်နာကျင်စေမှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အပြင်းအထန် နာကျင်စေမှု ဖြစ်စေသူ၊ သို့မဟုတ်

၆ Centre for Law and Democracy, နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေကို လေ့လာစီစစ်ခြင်း, n.d., n.l. (May, 2021) https://www.law-democracy.org/live/wp-content/uploads/2021/05/Myanmar.Penal-Code-Analysis.Burmese.FINAL_.pdf [accessed May 26, 2023].

၇ K. Ngyi Peik (ed.), Burma Law Reports, Rangoon: High Court of Burma and Government Printing and Stationery, 1960, 'Hussain Bux Khan v. The Union of Burma,' p. 192, https://myanmar-law-library.org/IMG/pdf/book_38-ok.pdf [accessed May 26, 2023].

၈ Myanmar law Libiary, State Administration Council Law No.04/2021, နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၂၂/၂၀၂၁) ၊နိုင်ငံတော်စီမံအုပ် ချုပ် ရေး ကောင်စီဥပဒေအမှတ် ( ၄ / ၂၀၂၁ ) နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ, February 13, 2021, https://myanmar-law-library.org/law-library/laws-and-regulations/laws/myanmar-laws-1988-until-now/state-administration-council-2021/myanmar-laws-2021/state-administration-council-law-no-04-2021-amendment-of-law-protection-the.html [accessed May 26, 2023].

(ဂ) ယင်းအုပ်စု၏ ရုပ်ပိုင်းဆိုင်ရာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပျက်စီးစေရန် ရည်ရွယ်၍ ယင်းတို့၏လူမှုဘဝကို တမင်ဖျက်ဆီးသူ၊ သို့မဟုတ်

(ဃ) တည်ဆဲဥပဒေများနှင့်အညီ မဟုတ်ဘဲ အဆိုပါအုပ်စုအတွင်း ကလေးမွေးဖွားမှုကို တားမြစ်ရန် ကြံရွယ်၍ အစီအမံများချမှတ်သူ၊ သို့မဟုတ်

(င) ယင်းအုပ်စုတစ်ခုမှ ကလေးသူငယ်များကို အခြားအုပ်စုသို့ အတင်းအကျပ်လွှဲပြောင်းပေးသူ မည်သူမဆို လူမျိုးတုန်းစေမှုကို ကျူးလွန်သည်မည်၏။"

ပုဒ်မ ၃၁၁ (ခ) တွင် " (၁) မည်သူမဆို ပုဒ်မ ၃၁၁-က၊ ပုဒ်မခွဲ (က) ပါ လူမျိုးသုန်းစေမှုကို ကျူးလွန်လျှင် ထိုသူကို သေဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ (၂) မည်သူမဆို ပုဒ်မ ၃၁၁-က၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ) သို့မဟုတ် (င) ပါ လူမျိုးတုန်းစေမှုကို ကျူးလွန်လျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။"

နိုင်ငံအတွင်း အာဏာရှင်များကို ဆန့်ကျင်နေသူများအပေါ် ဖမ်းဆီးအရေးယူနိုင်ရန် ရည်ရွယ်ချက်ရှိရှိ ပြင်ဆင်ခဲ့ခြင်းသာဖြစ်ကြောင်း သိသာထင်ရှား၍နေပါသည်။ ထိုကဲ့သို့ ဥပဒေပြဋ္ဌာန်းခြင်းမှာ ပြည်သူများ၏ လက်နက်ကိုင်ခုခံမှုအရှိန်မြင့်လာချိန်၊ အုပ်ချုပ်ရေးဆိုင်ရာယန္တရားများနှင့် စစ်ကောင်စီဘက်တော်သားများ တိုက်ခိုက်ခံနေရချိန်တွင် ဆန့်ကျင်သူများကို ခြိမ်းခြောက်ရန်၊ ပြစ်ဒဏ်ကြီးကြီးပေးရန်ဖြစ်ပါသည်။ ထို့အတူ လူမျိုးတုံးသတ်ဖြတ်မှုနှင့်ဆိုင်သောဥပဒေကို ရာဇသတ်ကြီးထဲတွင် ဖြည့်စွက်ထည့်သွင်းလိုက်ရုံနှင့် လုံလောက်မှုရှိမည်မဟုတ်ဘဲ တိုင်းရင်းသားမျိုးနွယ်စုများသာမက အကြောင်းကြောင်းကြောင့် မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိနေသည့် အခြားသောလူ့အဖွဲ့အစည်းများ၏ အခွင့်အရေးကို ကာကွယ်ပေးရန် ပိုမိုကျယ်ပြန့်သည့် ခိုင်မာမှုရှိသည့် ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းပေးရန်လည်း လိုအပ်လျက်ရှိနေပါသည်။[၉] ဟု ဥပဒေပညာရှင်များက သုံးသပ်ထားပါသည်။

## လေ့ကျင့်ခန်း–၁

မြေယာနှင့်သဘာဝပတ်ဝန်းကျင်အရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူ ဦးမြသည် ၂၀၂၁ခုနှစ် မတ်လအတွင်းက ၎င်းတို့နေထိုင်ရာ လမ်းထိပ်ရှိစတိုးဆိုင်သို့ သွားရောက်ကာ လိုအပ်သည်များ သွားရောက်ဝယ် ယူစဉ် အဆိုပါလမ်းထိပ်တွင် ဆန္ဒပြလူငယ်များကို လိုက်လံဖမ်းဆီးနေသည့် ရဲများနှင့်တွေ့ရှိရာ ၎င်းရဲများ မှ ဦးမြအား ရိုက်နှက်ကန်ကျောက်ကာ အချုပ်ကားထဲတွင်ဖမ်းဆီးချုပ်နှောင်ခဲ့ကြသည်။ ထို့နောက် စစ်ကြောရေးစခန်းတွင် စစ်ဆေးခြင်းများပြုလုပ်ပြီး ၂ ပတ်ခန့်အကြာ အင်းစိန်အကျဉ်းထောင်ကို ပို့ဆောင်ပြီးနောက်ပိုင်းသက်ဆိုင်ရာမြို့နယ် ရဲစခန်းမှ တရားလိုပြုလုပ်ကာ ရာဇသတ်ကြီးဥပဒေ ပုဒ်မ- ၅၀၅(က) ဖြင့် အထူးတရားရုံး (ထောင်တွင်းတရားရုံး) တွင် စစ်ဆေးကြားနာခဲ့သည်။ ၎င်းဖြစ်ရပ်နှင့် ပတ်သတ်၍ ဦးမြမှ ၎င်းအနေဖြင့် အချုပ်လွှတ်ထုချေခွင့်ရရှိရန် တရားရုံးတော်သို့ အာမခံလျှောက်ထားခဲ့ပါသည်။

[၉] BBC News Burmese, 'စစ်ကောင်စီ ပြဋ္ဌာန်းလိုက်တဲ့ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ပုဒ်မတွေ,' August 28, 2021, https://www.bbc.com/burmese/burma-58361379 [accessed May 26, 2023].

ဦးမြသည် ဥပဒေအရ အာမခံ ရနိုင်သည် (သို့) ရပိုင်ခွင့်ရှိသည်ဟု သင်ထင်ပါသလား။

(က) အာမခံရနိုင်　　　　(ခ) မရနိုင်

## အလုပ်လေ့ကျင့်ခန်း

စစ်ကောင်စီသည်အချို့သောဥပဒေပြဋ္ဌာန်းချက်များကို အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းချက်များ ထုတ်ပြန်ခဲ့သည့်အတွက် ဘာသာပြန်ထားသောအဓိပ္ပါယ်ပြဋ္ဌာန်းချက်များကို

- နားလည်စေရန်သေချာစွာဖတ်ပါ။
- နားလည်ရန်ခက်ခဲသည်ဆိုပါက နီးစပ်ရာ ဥပဒေပညာရှင်များကို မေးမြန်းပါ။
- ဥပဒေ၏ အဓိပ္ပါယ် ရှင်းလင်းသုံးသပ်ချက်များကို အင်တာနက်စာမျက်နှာများတွင် ဝင်ရောက် လေ့လာဖတ်ရှုပါ။ (အထက်တွင်ဖော်ပြထားသော ဥပဒေ အပေါ်သုံးသပ်ချက် ကိုးကား စာပိုဒ် (website link) များတွင်လဲသွားရောက်လေ့လာနိုင်သည်။)
- ဥပဒေအထောက်အကူပြု အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပါ။
- အဖမ်းခံရသူ၏ သတင်းအချက်အလက်ကို အချိန်နှင့်တပြေးညီ ရရှိနိုင်ရန်လုပ်ဆောင်ပါ။

## ပြန်ပြောင်းသုံးသပ်မှု

- မိမိ၏လက်ရှိ အခြေအနေကို သုံးသပ်ရန်။
- မိမိတွင် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်ခံရမှုများရှိနေသည်ဆိုလျှင် ၎င်းတို့ကို အမျိုးအစားအလိုက် စာရင်းပြုစုပါ။ ဖြေရှင်းနိုင်သည့် နည်းလမ်းရှိသည်ဆိုပါက ၎င်းကိုလည်း စာရင်းပြုစုထားပါ။
- ပြင်ဆင်လိုက်သည့်ဥပဒေဖြင့် ဖမ်းဆီးခံရလျှင် အာမခံမရရှိနိုင်သည်ကို သတိပြုပါ။

## ၁.၂.၂) နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## စာအမြည်း

မိမိတို့သည် ဥပဒေအရပေးထားသော ရပိုင်ခွင့်ရှိသော အခွင့်အရေးများကို ရရှိခံစားပိုင်ခွင့်ရှိပါသည်။ ထို့အပြင် လူသားတစ်ဦး၏ ရပိုင်ခွင့်ဖြစ်သော အခြေခံအအခွင့်အရေးများကိုလည်း နိုင်ငံတကာဥပဒေများတွင် အာမခံထားပြီး ဖြစ်ပါသည်။ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုသည် လူတစ်ဦး၏ အခြေခံရပိုင်ခွင့်ဖြစ်ပြီး ၎င်းကို ကန့်သတ်ခြင်းခံရခြင်းသည် ကြီးမားသောလူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သည်ကို နားလည်ရန်လိုအပ်ပါ သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် " နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ'[၁၀] ကို ပြင်ဆင်ခဲ့ပါသည်။ ၎င်းတို့ပြင်ဆင်ခဲ့သည့် ဥပဒေတွင်မူလပြဋ္ဌာန်းထားခဲ့သည့် ဥပဒေ၏ ပုဒ်မ ၅၊ ပုဒ်မ-၇ နှင့် ပုဒ်မ-၈ တို့ကို ရပ်ဆိုင်းထားရမည် ဖြစ်ကြောင်း ပါရှိပါသည်။

ပုဒ်မ-၅

သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည်-

(က) တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရန် မည်သူ့ကိုမဆို ကာကွယ်ပေးရမည်။
(ခ) ပုဂ္ဂိုလ်တစ်ဦးဦး၏ နေအိမ်နှင့်နေအိမ်အဖြစ်အသုံးပြုသော အခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အအုံများအတွင်းသို့ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း ပြုလုပ်လိုလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး ဖြစ်စေ၊ ဆယ်အိမ်မှူးဖြစ်စေ တစ်ဦးဦးအပါအဝင် အနည်းဆုံးသက်သေနှစ်ဦးနှင့်အတူ ဆောင်ရွက်ရမည်။

ပုဒ်မ- ၇

မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး တရားရုံး၏ခွင့်ပြုချက် မရှိဘဲမည်သူ့ကိုမျှ ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မပြုရ။

၁၀ Myanmar law Libiary, State Administration Council Law No.04/2021, နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၄ /၂၀၂၁ ) နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ, February 13, 2021, https://myanmar-law-library.org/law-library/laws-and-regulations/laws/myanmar-laws-1988-until-now/state-administration-council-2021/myanmar-laws-2021/state-administration-council-law-no-04-2021-amendment-of-law-protection-the.html [accessed May 26, 2023].

ပုဒ်မ-၈

တာဝန်နှင့်လုပ်ပိုင်ခွင့်ရှိသူ မည်သူမျှတည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့်၊ ခွင့်ပြုချက် သို့မဟုတ် ဝရမ်းတစ်စုံတစ်ရာ မရှိဘဲ ဖြစ်စေ၊ နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲဖြစ်စေ-

(က) နိုင်ငံသားတစ်ဦး၏နေအိမ်၊ နေအိမ်အဖြစ်အသုံးပြုသောအခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အအုံအတွင်း ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ်သူတစ်ဦးဦး အား ဖမ်းဆီးခြင်းမပြုရ။

(ခ) နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်းနှင့် စုံစမ်းခြင်း မပြုရ။

(ဂ) ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးအကြား ဆက်သွယ်ရေးပစ္စည်းကိရိယာတစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောကြားခြင်း ကို ကြားဖြတ်ဖမ်းယူနားထောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပေးခြင်းမပြုရ။

(ဃ) ဆက်သွယ်ရေးအော်ပရေတာများထံမှ ပုဂ္ဂိုလ်ဆိုင်ရာ တယ်လီဖုန်းနှင့် အီလက်ထရောနစ်ဆက်သွယ်ရေး သတင်းအချက်အလက်များအား တောင်းယူခြင်း၊ ထုတ်ပေးခြင်း မပြုရ။

(င) အခြားသူ၏ ပုဂ္ဂိုလ်ဆိုင်ရာကိစ္စအလို့ငှာ ဆက်သွယ်ပေးပို့သည့် စာပေးစာယူ၊ စာအိတ်၊ ချောထုပ်၊ ပါဆယ် ထုပ်တစ်ခုခုကို ဖွင့်ဖောက်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း မပြုရ။

(စ) နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ မိသားစုရေးရာကိစ္စများတွင် အဓမ္မဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် လူတစ်ဦး၏ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း မပြုရ။

(ဆ) နိုင်ငံသားတစ်ဦး၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုသော်လည်းကောင်း၊ မတရားသိမ်းယူခြင်း သို့မဟုတ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တမင်ပျက်စီးစေခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်းမပြုရ။

ထို့သို့ ဖျက်သိမ်းထားခြင်းကြောင့် လူတစ်ဦးတစ်ယောက်အား နေအိမ်အတွင်းသို့ ဝင်ရောက်ဖမ်းဆီးလိုပါက ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့် ဖမ်းဝရမ်းပါဝင်ရန် မလိုအပ်တော့ခြင်းနှင့် နေအိမ်အတွင်းသို့ မည့်သည့်အချိန်တွင် မဆို ဝရမ်းမပါပဲ ဝင်ရောက်ရှာဖွေခွင့်နှင့် စစ်ဆေးမေးမြန်းလိုပါက တရားရုံးခွင့်ပြုချက်မရှိပါဘဲ ၂၄ နာရီ ထက်ကျော်လွန်ကာ ထိန်းသိမ်းထားခွင့်များ အလိုအလျောက်ရရှိသွားသည့်အပြင် ဆက်သွယ်ရေးကိရိယာ တယ်လီဖုန်းများကို စစ်ဆေးခြင်း၊ သိမ်းယူခြင်းများအပြင် ဥပဒေအရ ယခင်တားမြစ်ထားသည်များကို ဝရမ်း မလိုပါဘဲ ဥပဒေမဲ့လုပ်ဆောင်ရန် ခွင့်ပြုပေးလိုက်သည့်သဘောသို့ သက်ရောက်သွားပါသည်။

အထက်ဖော်ပြပါဥပဒေကို ပြင်ဆင်လိုက်ပြီးနောက်ထပ်မံ၍ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူး ဥပဒေကိုပါ စတုတ္ထအကြိမ်[၁၁] ထပ်မံပြင်ဆင်လိုက်သည့်အတွက်စစ်တပ်၏တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင် များအနေဖြင့် ၎င်းတို့စိတ်ကြိုက် နေရာမရွေးအချိန်မရွေး ညှော့စာရင်းစစ်ဆေးခြင်း၊ ၎င်းတို့ ပြင်ဆင်လိုက်သည့်

၁၁ State Administration Council,နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၃/၂၀၂၁) ရပ်ကွက်(သို့) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေ ကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ, February 13, 2021, https://www.mlis.gov.mm/mLsView.do;jsessionid=6DB09B13E5EAA0A63EC2BF4444D4F48C?lawordSn=15834 [accessed June 19, 2023].

ဤဥပဒေအရ အခြားရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုမှ ညဥ့်အိပ်ညဥ့်နေ လာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားရန်၊ မိမိထံလာရောက်တည်းခိုသော ဧည့်သည်များ ပြန်လည်ထွက်ခွာသွားခြင်းတို့ကို အကြောင်းကြားရန် ပျက်ကွက်ပါက အရေးယူခြင်း၊ ငွေဒဏ်ရိုက်ခြင်းနှင့် အကြောင်းပြချက်မဲ့ဖမ်းဆီးခြင်းများ ပြုလုပ်နေသည့်အတွက် ဖိနှိပ်ခံပြည်သူများ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်အရေးတက်ကြွလှုပ်ရှားသူများ(ERDs) များသည် အခွင့်အရေးဆိုင်ရာ ခြိမ်းခြောက်မှုများ၊ ဖိနှိပ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေခဲ့ရပါသည်။ ထို့အပြင် အာဏာသိမ်းစစ်ကောင်စီသည် ၎င်းတို့အလိုကျပြင်ဆင်လိုသည့်ဥပဒေကိုသာ လိုရာဆွဲပြင်ဆင်ခဲ့ခြင်းများ ပြုလုပ်ခြင်းကြောင့် ထိုဥပဒေနှင့်ဆက်စပ်နေသည့် ဥပဒေ၊ နည်းဥပဒေများအကြား ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။

အထက်ဖော်ပြပါ ဥပဒေ၏ပုဒ်မများကို ရပ်ဆိုင်းလိုက်သည် ဆိုသော်လည်း တည်ဆဲဥပဒေဖြစ်သော "ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၃ တွင် ရှာဖွေမည့်အရာရှိက ရှာဖွေမည့်နေရာအနီးရှိ နေထိုင်သူ ၂ဦး သို့ ၂ဦး ထက်ပိုသောသူများကို သက်သေအဖြစ် လာရောက်ကြည့်ရှုရန် ဆောင်ရွက်ရမည်။"[၁၂] ဟု ဥပဒေတွင် အတိအလင်းဖော်ပြထားပြီး၊ "ရဲလက်စွဲ အပိုဒ်-၁၇၀၆ တွင်လည်း အတိအလင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။[၁၃]

ထိုနည်းတူစွာ "ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၆၁ နှင့် ပုဒ်မ-၁၆၇ ပါ ပြဋ္ဌာန်းချက်အရ ၂၄နာရီကျော်လွန်၍ ချုပ်နှောင်ဖမ်းဆီးခွင့်မရှိ"[၁၄]ကြောင်း အတိအလင်းဖော်ပြထားပြီး " ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၂၁ (ခ) တွင်လည်း တရားရုံး၏ ခွင့်ပြုချက်မရရှိက နိုင်ငံသားတစ်ဦးကို ၂၄နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားခွင့်မရှိစေရ"[၁၅] ဟုလည်းကောင်း၊ ရဲလက်စွဲ အပိုဒ်- ၁၃၅၃[၁၆] တွင်လည်း ဝရမ်းမပါဘဲ ဖမ်းဆီးခံရသူများကို ၂၄ နာရီ ထက်ပို၍ ချုပ်နှောင်ဖမ်းဆီးထားခွင့် မရှိကြောင်းကို အတိအလင်း ပြဋ္ဌာန်းထားသည့်အတွက် ထိုတည်ဆဲဖြစ်သောဥပဒေများနှင့် ပြင်ဆင်လိုက်သောဥပဒေအကြား ချိတ်ဆက်ဆောင်ရွက်ရာတွင် မေးခွန်းထုတ်စရာအများအပြား ရှိနေသည့်အတွက် ဥပဒေပြုသူများကိုယ်တိုင် တည်ဆဲဖြစ်သော ဥပဒေများ၏ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာခြင်း မရှိသည်မှာ သိသာထင်ရှားနေပါသည်။

---

၁၂ Burma Law Library, ရာဇဝတ်ကျင့်ထုံးဥပဒေ, အခန်း(၇)(ဃ) ရှာဖွေခြင်းဆိုင်ရာ ယေဘုယျပြဋ္ဌာန်းချက်များ ၊ ပုဒ်မ(၁၀၃)- သက်သေများ ရှေ့မှောက်တွင် ရှာဖွေခြင်းကို ပြုလုပ်ရခြင်း။ ။ စာမျက်နှာ (၃၃)။ https://www.burmalibrary.org/docs15/code-of-criminal-procedure-bu-red-ocr-image-en.pdf [accessed Feb 23, 2024].

၁၃ Police Manual Part (II),၂၀၀၀ ပြည့်နှစ်၊ရဲလက်စွဲ, ဒုတိယအတွဲ၊ အခန်း(၆၆)၊အပိုဒ်(၁၇၀၆)၊ စာမျက်နှာ (၄၆၇)။ https://policeforce.gov.mm/phocadownload/police-arm2.pdf?d=1 [accessed June 19, 2023].

၁၄ Burma Law Library,ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အခန်း(၅)။ ပုဒ်မ(၆၁)ဖမ်းဆီးထားသူကို (၂၄)နာရီထက်ကျော်လွန်၍ ချုပ်မထားရခြင်း (စာမျက်နှာ -၁၈) နှင့် (၆၇)ပုဒ်မ ၄၇၊၄၈ နှင့် ၄၉ တို့ပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၆၆ အရ ဖမ်းဆီးသည့် အမှုများ နှင့် သက်ဆိုင်ခြင်း (စာမျက်နှာ -၁၉)။ https://www.burmalibrary.org/docs15/code-of-criminal-procedure-bu-red-ocr-image-en.pdf [accessed Feb-21-2024].

၁၅ State Peace and Development Council, Constitution of the Republic of the Union of Myanmar, Naypyidaw: Printing & Publishing Enterprise: Ministry of Information, 2008, https://www.burmalibrary.org/sites/burmalibrary.org/files/obl/docs09/Myanmar_Constitution-2008%28en%26bu%29-red.pdf [accessed May 26, 2023].

၁၆ Police Manual Part (II),၂၀၀၀ ပြည့်နှစ်၊ရဲလက်စွဲ ဒုတိယတွဲ ။အပိုဒ်(၁၃၅၃)- ဖမ်းဆီးရမိသူတို့အားချုပ်နှောင်ထားရှိခြင်း။ စာမျက်နှာ (၂၀၁) ။ https://policeforce.gov.mm/phocadownload/police-arm2.pdf?d=1 [accessed June 19, 2023].

## လေ့ကျင့်ခန်း–၂

မုဒိတာမြို့နယ်၊ သာယာအေးရပ်ကွက်၊ ငြိမ်းချမ်းရေးလမ်းတွင်နေထိုင်သူ မောင်မောင်သည် ၂၀၂၁ ခုနှစ် မတ်လအတွင်းက ည ၈နာရီခွဲအချိန်ခန့်တွင် ရဲနှင့် စစ်သား ၃၀ ခန့်မှငင်း၏နေအိမ်အတွင်းသို့ သက်ဆိုင်ရာ ရပ်ကွက်၊ လမ်းလူကြီးများမပါဝင်ဘဲ ကြိုတင်အကြောင်းကြားခြင်းမရှိ၊ ဝင်ရောက်ကာ မိသားစုဝင်များ၏ရှေ့တွင် ရိုက်နှက်၍ မောင်မောင်အား ရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြပါသည်။ ထိုသို့ အကြောင်းမဲ့ ရိုက်နှက်ဖမ်းဆီးသွားသည့်အတွက် မောင်မောင်၏အစ်မဖြစ်သူမှ သက်ဆိုင်ရာရဲစခန်းသို့ လိုက်လံ၍ မေးမြန်းစုံစမ်းကြည့်ရာတွင် သက်ဆိုင်ရာရဲအရာရှိမှ ညစနာရီတွင် သံပုံးတီးသဖြင့် ဖမ်းဆီးရခြင်းဖြစ်ကြောင်း၊ နောက်နေ့မနက်တွင် ဒဏ်ငွေအဖြစ် ငွေကျပ် ၂ သိန်း ဒဏ်ငွေလာဆောင်ပါက ရဲစခန်းမှ ပြန်လွှတ်ပေးမည် ဖြစ်ကြောင်းပြောခဲ့သဖြင့် အိမ်သို့ပြန်လာခဲ့ပါသည်။ နောက်နေ့မနက်တွင် ရဲစခန်းသို့ သွားရောက်၍ ငွေ ကျပ် ၂ သိန်း ဒဏ်ငွေဆောင်ခဲ့ပြီး ငင်း၏မောင်ဖြစ်သူ မောင်မောင်ကို ရဲစခန်းမှ ခေါ်ဆောင်လာခဲ့ရပါသည်။

မောင်မောင်တို့မိသားစုသည် ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုရှိသည်ဟု သင်ထင်ပါသလား။ အဘယ့်ကြောင့်နည်း။

(က) ရှိသည်။ (ခ) မရှိပါ။

## အလုပ်လေ့ကျင့်ခန်း

(၁) အထက်ဖော်ပြပါ ဥပဒေ၏ပြဋ္ဌာန်းချက်များကိုလေ့လာပါ။ ဆက်စပ်ဥပဒေများကိုလည်း သိရှိရန်လေ့လာပါ။

(၂) အထက်ပါဖြစ်ရပ်အရ ရဲစခန်းများသို့ သွားရောက်ပြောဆိုညှိနှိုင်းရာတွင် မိမိအနေဖြင့် ပြဿနာပိုမို ကြီးထွားမှု မဖြစ်ပေါ်စေရန် ဂရုစိုက်ပါ။ (ရှေ့နေထံမှ ဥပဒေပိုင်းဆိုင်ရာ အကူအညီများ ရယူရန်)

## ပြန်ပြောင်းသုံးသပ်မှု

- သင့်အနေဖြင့် အထက်ဖော်ပြပါ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုနှင့်ပတ်သက်၍ ခြိမ်းခြောက်မှုမျိုးကို ယခင်ကရှိခဲ့သည်ဟု ကြားသိခဲ့ခြင်းမျိုး ရှိပါသလား။
- အဘယ့်ကြောင့် ယခုကဲ့သို့ ဖြစ်စဉ်မျိုးဖြစ်ခဲ့ရသည်ဟု သင်နားလည်သဘောပေါက်သနည်း။
- ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံအပေါ် ဆိုးဝါးသောခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း သင်အနေဖြင့် ကောင်းစွာနားလည်ခြင်းမျိုးရှိပါသလား။

### ၁.၂.၃) အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## စာအမြည်း

ERD တစ်ဦးအနေဖြင့် သင်၏နေ့စဉ်လုပ်ငန်းတာဝန်များကို ချမှတ်စဉ်းစားထားရန် လိုအပ်ပါသည်။ ခြိမ်းခြောက်မှု ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရသည့်အခါ ဖြေရှင်းရန်နည်းလမ်းများကို ကြိုတင်ချမှတ်ထားရန် လိုအပ်ပါသည်။ မည်သည့်အချိန်တွင် မည်သို့ဖြေရှင်းဆောင်ရွက်ခဲ့သည်၊ ဖြေရှင်းခဲ့သည်ဆိုသည့် နည်းလမ်းများကို ပြန်လည်အမှတ်ရရန် လိုအပ်ပါသည်။ လက်ရှိကာလတွင် စစ်ကောင်စီသည် ERDs များအပေါ် ခြိမ်းခြောက်မှု ပုံစံမျိုးစုံဖြင့် ခြိမ်းခြောက်လျက်ရှိနေသည်ကို ကောင်းစွာဂရုပြုရန်လိုအပ်ပါသည်။

၂၀၁၄ ခုနှစ်တွင် စတင်ပြဌာန်းခဲ့သော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို အာဏာသိမ်းစစ်တပ်သည် ပြင်ဆင်ပြဌာန်းခဲ့ပြီး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ ပုဒ်မများဖြင့်ဖမ်းဆီး၍ ကြီးလေးသော ပြစ်ဒဏ်များဖြင့် အပြစ်ပေး၊ အရေးယူခြင်းများ ဆက်တိုက်ပြုလုပ်လျက်ရှိနေသည့်အပြင် စွပ်စွဲခံရသူများအတွက် တရားမျှတမှုရရှိနိုင်စေရန် အမှုလိုက်ပါဆောင်ရွက်ပေးနေသည့် ရှေ့နေများ၊ မြေယာနှင့်သဘာဝ ပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူများ (ERDs)နှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများကို ယင်းဥပဒေအား အသုံးပြု၍ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးအရေးယူခြင်းများပြုလုပ်လျက် ရှိနေခဲ့ပါသည်။[၁၇]

ယခုနောက်ပိုင်း ဖမ်းဆီးခံရသူအများအပြားကိုလည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၅၀ (ည) ဖြင့် ဖမ်းဆီးအရေးယူလျက်ရှိနေပါသည်။ “ပုဒ်မ-၅၀ (ည) မည်သူမဆို အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။”[၁၈]

ထို့ပြင် ၎င်းတို့ပြင်ဆင်လိုက်သည့် ဖော်ပြပါဥပဒေ၏ “ပုဒ်မ- ၅၂ ပါ ပြဌာန်းချက်များသည် ၎င်းတို့အလိုရှိသည့် သူကိုဖမ်းဆီးပြီးလျှင် ဥပဒေပါပြဌာန်းချက်များနှင့် တစ်နည်းမဟုတ်တစ်နည်းငြိစွန်းနေသည်ဆိုကာ ထောင်ဒဏ် ချမှတ်အပြစ်ပေးနိုင်ရန်အတွက် ဖြစ်ပါသည်။”[၁၉]

ပုဒ်မ- ၅၂ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်သုံးနှစ်မှ အများဆုံးထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။”

---

၁၇ Assistance Association for Political Prisoners, *‘ဥပဒေမဲ့ ခြိမ်းခြောက်ခြင်းကို ရင်ဆိုင်နေရသော ဥပဒေအကျိုးဆောင်များ အစီအရင်ခံစာ,’* July 2, 2021, https://aappb.org/bu?p=16281 [accessed June 16, 2023].

၁၈ Union Hluttaw, အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည), June 4, 2014, https://www.mlis.gov.mm/mLsView.do;jsessionid=FBF2065E92E2DCCFEF18B6510FB52E47?lawordSn=994 [accessed June 16, 2023].

၁၉ State Administration Council, အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ, Myanmar Legal Information System, August 1, 2021, https://www.mlis.gov.mm/mLsView.do;jsessionid=EEF3C46D3E5020C3F98248381EDE3CFE?lawordSn=16614 [accessed May 26, 2023].

၎င်းပြဋ္ဌာန်းချက်များကို ခြုံငုံ၍ ဖော်ပြရလျှင်

အကြမ်းဖက်အုပ်စုတစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရာတွင်ဖြစ်စေ သူတစ်ဦးဦးအား ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန် ပြုလုပ်မှုများ၊ အကြမ်းဖက်အုပ်စုဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သိလျက်နှင့်ပါဝင်ဆောင်ရွက်ရန်၊ တာဝန်ပေး၍ လှုပ်ရှားဆောင်ရွက်စေရန် ပြုလုပ်မှုများ၊ အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ ဖမ်းဆီး၍ အရေးယူခြင်းမပြုနိုင်စေရန် သို့မဟုတ် လွတ်မြောက်စေရန်အလို့ငှာ ထိမ်ချန်ခြင်း သို့မဟုတ် သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့် ပေးခြင်း သို့မဟုတ် ဝှက်ထားခြင်းပြုလုပ်မှုများ၊ အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏အဖွဲ့ဝင်ကိုဖြစ်စေ၊ အဆောက်အအုံနှင့်နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာလေ့ကျင့်ရေး သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှု၊ သတင်းအချက်အလက်များကို ခိုင်လုံသည့်အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန်ပျက်ကွက်မှု စသည်တို့ဖြစ်ပါသည်။

## လေ့ကျင့်ခန်း-၃

နန်းလှသည် ရှမ်းအမျိုးသမီးတစ်ဦးဖြစ်ပြီး မြေယာနှင့်သဘာဝပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူ ERD တစ်ဦးလည်းဖြစ်ပါသည်။ မနန်းလှတို့နေထိုင်သောဒေသတွင် သတ္တုတူးဖော်ရေးလုပ်ကွက်များကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ ခရိုနီ (အခွင့်ထူးခံစီးပွါးရေးသမား) များ၊ စစ်တပ်အရာရှိများပိုင် ကုမ္ပဏီများနှင့် အစိုးရတို့မှ တူးဖော်လုပ်ကိုင်နေကြပါသည်။ ၎င်းတို့ဒေသအတွင်း ထိုသတ္တုတူးဖော်ရေး လုပ်ငန်းများကြောင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ထိခိုက်မှုများအတွက် မနန်းလှမှ ဒေသခံများကိုယ်စား သက်ဆိုင်ရာပါဝင်ပတ်သက်သူများထံ အရေးဆို တင်ပြခြင်းများ ပြုလုပ်ပေးနေသူတစ်ဦးလည်း ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှင့် စစ်တပ်၏ ခြိမ်းခြောက်ခြင်းများကိုလည်း သူမ ကြုံတွေ့ခံစားရပါသည်။ သူမသည် ၂၀၂၁ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် Covid-19 ကမ္ဘာ့ကပ်ရောဂါကူးစက်မှု မြင့်မားနေချိန်တွင် ၎င်း၏ဒေသမှ ဒေသခံများအတွက် လိုအပ်သည့်ဆေးဝါး၊ အောက်ဆီဂျင်နှင့် အစားအသောက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ဖြန့်ဝေပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။၂၀၂၁ခုနှစ်နှစ်ကုန်ပိုင်း အရောက်တွင် မနန်းလှအား စစ်တပ်မှဖမ်းဆီးခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ -၅၀ ဇ(ည) ဖြင့် အမှုဖွင့် အရေးယူခဲ့ပါသည်။

မနန်းလှသည် ထောင်ဒဏ် မည်မျှကျခံရနိုင်သည်ဟု သင်ထင်ပါသနည်း။

(က) ထောင်ဒဏ် ၁၀ နှစ်။ (ခ) ထောင်ဒဏ်တစ်သက်။

## အလုပ်လေ့ကျင့်ခန်း

- သင်အား ခြိမ်းခြောက်၍ ဖမ်းဆီးခြင်းများ ပြုလုပ်လာနိုင်သော အကြောင်းအရာ ရှိမရှိ ဆန်းစစ်ပါ။
- ထိုကဲ့သို့ ခြိမ်းခြောက်လာမှုများ ရှိလာခဲ့ပါက ၎င်းအန္တရာယ်ကို ကာကွယ်နိုင်မည့် (သို့မဟုတ်) လျော့ပါး

သက်သာနိုင်မည့် ဆောင်ရွက်မှုတစ်ခုတစ်ခုကို စဉ်းစားပါ။

- သင့်အား အထောက်အကူဖြစ်စေနိုင်မည့် နည်းလမ်း၊ အရေးပေါ်အသုံးပြုနိုင်မည့် နည်းလမ်းတစ်ခုခု ကို စဉ်းစားပါ။

## ပြန်ပြောင်းသုံးသပ်မှု

သင့်အနေဖြင့် မြန်မာနိုင်ငံ၏တရားစီရင်ရေးစနစ်ကို

- ပွင့်လင်းမြင်သာမှုမရှိသည့်တရားစီရင်ရေး
- တရားစီရင်ရေးစနစ်ပျက်သုန်းနေခြင်း
- ဥပဒေစိုးမိုးမှုမရှိ

ဖမ်းဆီးခံရလျှင် စစ်ကောင်စီမှ ၎င်းတို့တပ်ချင်သည့် ပုဒ်မတပ်၍ တရားစွဲဆိုနေသည်ကို ဂရုပြုရန်လိုအပ်သည်။

## ၁.၂.၄) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## စာအမြည်း

အီလက်ထရောနစ် ဆက်သွယ်ရေးကွန်ယက်ကို အသုံးပြုရာတွင် ERDs များအတွင်း ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရပြီး အခွင့်အရေးချိုးဖောက်မှု ခံနေရကြောင်း ကောင်းစွာနားလည်သိရှိရန် လိုအပ်ပါသည်။ ERDs များအပေါ် ဥပဒေဖြင့်ဖိနှိပ်ခြင်းဖြစ်ကြောင်း ပြင်ဆင်လိုက်သည့် ဥပဒေအရ သိသာထင်ရှားစွာ တွေ့မြင်နိုင်သည်။

ပြင်ဆင်ခဲ့သည့်ဥပဒေ၏ အခန်း(၁၀) တွင် ကိုယ်ရေးဆိုင်ရာအချက်အလက်ကာကွယ်ခြင်းနှင့် ဆက်စပ်၍လည်း အပြောင်းအလဲပြုလုပ်ခဲ့ကာ "ဒေတာဆိုင်ရာအကာအကွယ်ပေးမှုမရှိဘဲ ပုဂ္ဂိုလ်ရေးဆိုင်ရာဒေတာ များအား ကြားဖြတ်ကြည့်ရှုခွင့်ရရှိနိုင်သည့် လုပ်ပိုင်ခွင့်အား သက်ဆိုင်ရာအာဏာပိုင်များကို ပေးအပ်ခဲ့သည်။[၂၀] ထိုသို့ ပြုလုပ်ချက်သည် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ ERDs များအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခု ဖြစ်ပြီး အချိန်မရွေး ဖမ်းဆီးအရေးယူ၊ အပြစ်ပေးနိုင်သည့်အခြေအနေတစ်ခုလည်း ဖြစ် ပါသည်။

"ပုဒ်မ- ၂၇(ဂ) ကိုယ်ရေးဆိုင်ရာအချက်အလက် စီမံခန့်ခွဲခြင်းကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များ သက်ဆိုင်ခြင်း မရှိစေရ။ "ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းဆိုင်ရာတိုက်ခိုက်မှု၊ အလွဲသုံးစားမှုနှင့် မတော်တဆမှု ကိစ္စရပ်များသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားလုံခြုံရေးကိစ္စရပ်များနှင့် သက်ဆိုင်သော စီမံဆောင်ရွက်ပိုင်ခွင့် အာဏာအရဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းရယူ စုစည်းခြင်း၊ သတင်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် ၎င်းကိစ္စရပ်များအား စီမံဆောင်ရွက်ရာတွင် ဗဟိုအဖွဲ့က တာဝန်ပေးအပ်သော အစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့ကဖြစ်စေ စီမံပိုင်ခွင့်အာဏာခွဲခြားသတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ခြင်း။"

ထို့အပြင် Social Punishment (လူမှုရေးအရဒဏ်ခတ်မှု)နှင့်ဆိုင်သော အချက်အလက်များဝေမျှခြင်း ပုဒ်မ- ၃၈(ခ)၊ သတင်းမီဒီယာများမှ စစ်တပ်နှင့်အာဏာပိုင်အဖွဲ့များအား ဝေဖန်ရေးသားလျှင် ပုဒ်မ-၃၈(ဂ)၊ နိုင်ငံတကာအသိုင်းအဝိုင်းသို့ အချက်အလက်များဆက်သွယ်ဝေငှမှု ပြုလျှင် ပုဒ်မ- ၃၈(င) တို့ဖြင့် ရာဇဝတ်မှု မြောက်ကြောင်းသတ်မှတ်ကာ ပြစ်ဒဏ်အသစ်များ ထည့်သွင်းပြင်ဆင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ထိုထုတ်ပြန်မှုကြောင့် အာဏာရှင်များနှင့် ၎င်းတို့အား အားပေးထောက်ခံနေသူများ၏ ပြုလုပ်မှု၊ ပျက်ကွက်မှုများနှင့် ပတ်သက်၍ အပြုသဘောဆောင်သဘောရိုးဖြင့် အကြံပြုဝေဖန်၊ ထောက်ပြသည့် ကိစ္စရပ်များကိုပင် အာဏာရှင်တို့က ၎င်းတို့အားဝေဖန်သည်ဟုဆိုကာ အချိန်မရွေးဖမ်းဆီးနိုင်သည့် အခြေအနေတစ်ခု ဖြစ်နေသည်ကို တွေ့မြင်ရပါသည်။

"ပုဒ်မ- ၃၈(ခ) မည်သူမဆို သက်ဆိုင်ရာပုဂ္ဂိုလ်၏ ခွင့်ပြုချက်မရှိဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို ရယူခြင်း၊ ဖွင့်ချခြင်း၊ အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း၊ ပြုပြင် ပြောင်းလဲခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ဦးတစ်ယောက်ထံသို့ ပေးပို့ခြင်း သို့မဟုတ် အလွဲအသုံးပြုခြင်းဖြစ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း

[၂၀] State Administration Council, အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ, Naypyidaw, February 15, 2021, https://www.mlis.gov.mm/mLsView.do;jsessionid=67EF7240A29BE48073F69FFB29B6B707?lawordSn=15867 [accessed May 26, 2023].

ခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ငါးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

"ပုဒ်မ- ၃၈(ဂ) မည်သူမဆို ဆိုက်ဘာနယ်ပယ်တွင် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ အယုံအကြည် ပျက်စေရန်၊ အကြည်ညိုပျက်စေရန် သို့မဟုတ် အသင်းအဖွဲ့ကွဲစေရန် ရည်ရွယ်၍ သတင်းတု သို့မဟုတ် သတင်းမှား ပြုလုပ်ဖန်တီးခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။"

ဤသို့ဖြင့် ဥပဒေ ပြင်ဆင်ပြောင်းလဲမှုများသည် သက်ရောက်မှုအတိုင်းအတာကျယ်ပြန့်ပြီး တရားဥပဒေနှင့် ညီညွတ်မှု ဆိုင်ရာအခြေခံမှုများနှင့် ကိုက်ညီမှုမရှိသည့်အပေါ် စိုးရိမ်ဖွယ်ရာ ဖြစ်မိပါသည်။ ထို့အပြင် ဥပဒေ ပြင်ဆင်ချက်များသည် လိုအပ်ချက်အရ လုပ်ဆောင်ခြင်းနှင့် ပြစ်မှု၊ပြစ်ဒဏ် အချိုးအစားညီမျှမှုဟူသည့် စံချိန်စံနှုန်းများနှင့်လည်း ကိုက်ညီမှုမရှိပေ။ ထိုသို့သော ကန့်သတ်ချက်များသည် လူ့အခွင့်အရေး ဥပဒေအောက်၌ တရားဝင်မှုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များကို ထည့်သွင်းစဉ်းစားခြင်းမပြုသလို ပုဂ္ဂိုလ်ရေး(privacy) သာမက လွတ်လပ်စွာအမြင်သဘောထားရှိခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်စသည့် ပုဂ္ဂလိကအခွင့်အရေး အပေါ်လည်း များစွာသက်ရောက်မှုရှိပါသည်။

လူမှုကွန်ယက် အသုံးပြုခြင်းများကို ကန့်သတ်ခြင်းပြုလုပ်ပြီး မိုဘိုင်းဖုန်းများအတွင်းတွင် နိုင်ငံရေးနှင့် ဆက်နွယ်သည့် သတင်းအချက်အလက်၊ မှတ်တမ်း၊ photos၊ videos များ သိမ်းဆည်းထားခြင်း ရှိ၊ မရှိကို စစ်ဆေးခြင်းများပြုလုပ်၍ တွေ့ရှိပါက ဖမ်းဆီး၊အပြစ်ပေး အရေးယူခြင်းများ ပြုလုပ်လျက်ရှိနေသည့်အတွက် အာဏာဖြင့်ခြိမ်းခြောက်၍ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်လျက် ရှိနေသည်မှာ ငြင်းဆိုဖွယ်ရာ မရှိပေ။

လူတိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်။ ယင်းအခွင့်အရေးတွင် နယ်နိမိတ် အပိုင်းအခြား မရှိစေဘဲ ကိုယ်တိုင်ရွေးချယ်သည့် သတင်းမီဒီယာ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်၊ စာဖြင့်၊ ပုံနှိပ်ခြင်းဖြင့် ဖြစ်စေ သတင်းအချက်အလက်နှင့် အတွေးအခေါ်မျိုးစုံကို လွတ်လပ်စွာ ရှာဖွေဆည်းပူးခွင့် လက်ခံခွင့်နှင့် ဖြန့်ချီခွင့်တို့လည်း ပါဝင်ကြောင်း အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များတွင်[၂၁] အတိအလင်း ဖော်ပြထားသော်လည်း အာဏာသိမ်းစစ်တပ်အနေဖြင့် ၎င်းပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြုထားသည်မှာ သိသာထင်ရှားနေပေသည်။

## လေ့ကျင့်ခန်း- ၄

ညီညီသည် မြေယာနှင့်သဘာဝပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ပါသည်။ ညီညီ နေထိုင်နေသော ဒေသတွင် အင်တာနက်နှင့် ဖုန်းလိုင်းများသည် အခြားဒေသများတွင်လို ကောင်းစွာအသုံးမပြုနိုင်ပါ။ ထို့ကြောင့် ရွေးချယ်စရာမရှိသည့်အတွက် တစ်ခုတည်းသောစစ်တပ်ထုတ်ဖုန်းဆင်းကဒ်ဖြင့်သာ မိုဘိုင်းဒေတာ ဖွင့်၍ အင်တာနက်ကို အသုံးပြုရပါသည်။ ထိုသို့အသုံးပြုရာတွင် ညီညီသည် free VPN software တို့ကို

[၂၁] Hanns Seidel Foundation, International Covenant on Civil and Political Rights, Myanmar and English version, n.d., n.l., အပိုဒ်-၁၉- ၁၊၂, https://view.publitas.com/hanns-seidel-foundation-myanmar/iccpr-english-myanmar/page/28-29 accessed June 16, 2023].

အသုံးပြုချိတ်ဆက်လေ့ရှိပြီး၊ သတ္တုတူးဖော်သည့် စီမံကိန်းများနှင့်ပတ်သက်၍ ၎င်း၏ အမည်မှန်၊ ဓါတ်ပုံနှင့် တကွ ဖွင့်ထားသော လူမှုကွန်ယက်စာမျက်နှာတွင် စာများရေးသားခြင်း ၊ သတင်းအချက်အလက်မျှဝေခြင်း များကို ပြုလုပ်လျက်ရှိပါသည်။

ညီညီ၏ ဒေတာအသုံးပြုမှုသည် လုံခြုံမှုရှိသည်ဟု သင့်အနေဖြင့်ထင်ပါသလား၊ အဘယ်ကြောင့်နည်း။

(က) လုံခြုံမှုရှိသည်။ (ခ) လုံခြုံမှုမရှိပါ။

## အလုပ်လေ့ကျင့်ခန်း

- Data အသုံးပြုခြင်း၊ လုံခြုံသည့် App ဥပမာ VPN အသုံးပြုခြင်းကို ကောင်းစွာ နားလည် သဘောပေါက် ရန် လေ့လာပါ။ လက်ကမ်းစာအုပ် (၂) တွင် လေ့လာနိုင်ပါသည်။
- အခြားသော ဆက်သွယ်ရေးအော်ပရေတာများ ပြောင်းလဲအသုံးပြုရန် ကြိုးစားကြည့်ပါ။
- မိမိ ကြုံတွေ့နိုင်သည့် အန္တရာယ်များကို ကြိုတင်ခန့်မှန်းပါ။
- တတ်သိသူများထံမှ အကူအညီရယူပါ။
- Digital security နှင့် ပတ်သက်၍ သင်တန်းများ တက်ရောက်ပါ။
- လုံခြုံရေးနှင့် ပတ်သက်၍ ရန်ပုံငွေများအတွက် ထောက်ပံ့ပေးနိုင်သော အဖွဲ့များနှင့် ချိတ်ဆက်ပါ။

## ပြန်ပြောင်းသုံးသပ်မှု

- နည်းပညာအသုံးပြုရာတွင် အန္တရာယ်များ နှင့်ပတ်သက်၍ သင် ယခင်က သုံးသပ်ဖူးခြင်း ရှိခဲ့ပါသလား။
- သင့်အနေဖြင့် သင်၏ အီလက်ထရောနစ်ပစ္စည်းများ ဖုန်း၊ ကွန်ပျူတာတွင် စကားဝှက်အသုံးပြုခြင်း သည် လုံလောက်မှုရှိသည်ဟု ထင်ပါသလား။
- သက်ဆိုင်သူများနှင့် ဖုန်း၊ အွန်လိုင်းမှပြောဆိုဆက်သွယ်မှုများသည် အန္တရာယ်ကင်းသည်ဟု သင်ထင် ပါသလား။

### ၁.၂.၅) ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ကိုပြင်ဆင်သည့် ဥပဒေ

## စာအမြည်း

မိမိသည် ဥပဒေ၏အကာအကွယ်ကိုရပိုင်ခွင့်ရှိကြောင်း အခွင့်အရေးရှိသည်ဆိုသော်လည်း ယင်းအချက်သည် နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုရှိမှသာ ရရှိနိုင်မည်ဖြစ်သည်။ ထုတ်ပြန် (သို့) ပြင်ဆင်လိုက်သည့် ဥပဒေများသည် ERDs များအပေါ် ခြိမ်းခြောက်မှုများရှိနေပြီး ဥပဒေအရ အထောက်အကူ ရရှိနိုင်ခွင့်ဆိုသည်မှာလည်း အကန့်အသတ်များစွာ ရှိနေသည်ကို သိရှိထားရန် လိုအပ်သည်။

ဤပြင်ဆင်လိုက်သည့်ဥပဒေတွင် ယခင်ဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သော ပုဒ်မ-၃ (င)ပါ ပြဋ္ဌာန်းချက် ဖြစ်သည့် "ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်စဉ်ကာလအတွင်း ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့်ကာလ လျော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများပပျောက်စေရန်" ဟူသည့် ပြဋ္ဌာန်းချက်[၂၂] ကို ပယ်ဖျက်လိုက်သည့်အတွက် ဖမ်းဆီးခံခဲ့ကြရသူများ၏ ဥပဒေအထောက်အကူရရှိနိုင်ရန်အတွက် အခွင့်အရေးများ ဆုံးရှုံးစေရန် ပြဋ္ဌာန်းခဲ့သည်မှာ ပေါ်လွင်နေပေသည်။

အခန်း-၃ ဥပဒေ၏ အခြေခံမူများ ပုဒ်မ ၄ တွင်

(က) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် အများပြည်သူက ယုံကြည်စိတ်ချရပြီး စဉ်ဆက်မပြတ် ထိရောက်စွာ အသုံးပြုနိုင်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသည့်စနစ် ဖြစ်ပေါ်စေရေး၊
(ခ) ပြစ်မှုကျူးလွန်ခြင်းများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူအား ဥပဒေဆိုင် ရာ ဗဟုသုတ တိုးပွားစေရန် ပညာပေးရေး၊
(ဂ) ပြစ်မှုနှင့် စွပ်စွဲခံရသူများ၊ တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံနေရသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊
(ဃ) ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊
(င) ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများကို ဥပဒေဆိုင်ရာအထောက်အကူပေးရေး၊
(စ) ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများကို လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကိုး ကွယ်ယုံကြည်မှု၊ အသက်အရွယ်၊ ကျား၊ မ၊ နိုင်ငံသားမခွဲခြားဘဲ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊
(ဆ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းအဆင့်ဆင့်တွင် မှန်ကန်မျှတ၍ ထိရောက်သောဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းကို ဆောလျင်စွာရရှိစေရေး၊
(ဇ) ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် စနစ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက် များကို အများပြည်သူ သိရှိစေရေး၊
(ဈ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိစေရေးနှင့် ယင်းတို့အား အကာအကွယ်ပေးရေး။[၂၃] ဟုပြဋ္ဌာန်းထားသော်လည်း လက်ရှိတွင် ထိုမူများကို မျက်ကွယ်

[၂၂] Union Hluttaw, ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ, Naypyitaw, January 18, 2016 [amended May 26, 2017], https://www.mlis.gov.mm/mLsView.do;jsessionid=6C0595E1718EDADC819F25B80745B7C9?lawordSn=8195 [accessed May 26, 2023].

[၂၃] Union Hluttaw, ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ, Naypyitaw, January 18, 2016 [amended May 26, 2017], https://www.mlis.gov.mm/mLsView.do;jsessionid=6C0595E1718EDADC819F25B80745B7C9?lawordSn=8195[accessed June 27, 2023].

ပြုထားသကဲ့သို့ ဖြစ်နေပါသည်။

ပုဒ်မ-၄ (ဂ) ပြစ်မှုဖြင့် စွပ်စွဲခံရသူများ၊ တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်း ခံနေရသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရမည်ဟူသော ပြဋ္ဌာန်းချက်တွင် ပြစ်မှုဖြင့်စွပ်စွဲခံရသူများ ဆိုသည့် စကားရပ်ကို ပယ်ဖျက်လိုက်သည့်အတွက် ၎င်းတို့မှ ပြစ်မှုကျူးလွန်ပါသည်ဟု အထောက်အထားမဲ့ စွပ်စွဲခံရသူ ERDs များအတွက် ဥပဒေဆိုင်ရာအထောက်အကူရရှိပိုင်ခွင့် ဆုံးရှုံးနေသည်မှာ ငြင်းဆိုဖွယ် မရှိပါ။

"ထိုနည်းတူစွာ ယခင်ဥပဒေ၏ ပုဒ်မ-၃၈ ပါ ပြဋ္ဌာန်းချက်ဖြစ်သော တရားရုံး၊ ဥပဒေရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနနှင့် တရားစွဲအဖွဲ့အစည်းများသည် ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများအတွက် ဥပဒေဆိုင်ရာအထောက်အကူရရှိရန် သက်ဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်"[၂၄] ဆိုသည့် ဥပဒေပြဋ္ဌာန်းချက်ကိုလည်း ပယ်ဖျက်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။

## လေ့ကျင့်ခန်း-၅

အေးအေးသည် ဥပဒေနောက်ဆုံးနှစ်ကျောင်းသူတစ်ဦးဖြစ်ပြီး ဥပဒေဘာသာရပ်များလေ့လာရာတွင် သဘာဝပတ်ဝန်းကျင်ဥပဒေကို ပိုမိုစိတ်ဝင်စားပြီး လေ့လာသင်ယူနေသည့်ကျောင်းသူတစ်ဦး ဖြစ်ပါသည်။ သူမသည် ကျောင်းတွင်း၊ ပြင်ပ လူမှုရေးလုပ်ငန်းအဖွဲ့များတွင်လည်း ပါဝင်ဆောင်ရွက်လေ့ရှိပြီး မတရားမှုကို မနှစ်သက်သည့် သွက်လက်၍ ချစ်စရာကောင်းသော မိန်းကလေးငယ်လေးတစ်ဦး ဖြစ်သည်။ ၂၀၂၁ခုနှစ် အာဏာသိမ်းမှုတွင် စစ်တပ်၏ လူမဆန်သော ပြစ်ခတ်နှိမ်နင်းမှုများကြောင့် ဒဏ်ရာရသူများကို အေးအေးတို့သူငယ်ချင်းများမှ အရေးပေါ်လူနာတင်ယာဉ်များဖြင့် သယ်ယူ၍ ဆေးကုသပေးခြင်းများ ပြုလုပ်ပေးခဲ့ကြပါသည်။ တစ်ရက်တွင် သူမတို့အဖွဲ့၏ အရေးပေါ် လူနာတင်ယာဉ်ဖြင့် လူနာများသယ်ယူနေစဉ် စစ်တပ်နှင့်ရဲများ၏ဖမ်းဆီးခြင်းကို ခံခဲ့ရပါသည်။ ရဲစခန်းအချုပ်တွင် သက်ဆိုင်ရာ တာဝန် ရှိသူများ၏အမိန့်ကို မနာခံဟုစွပ်စွဲပြောဆိုကာ ပြစ်မှုများဖြင့် အမှုဖွင့်အရေးယူခြင်းများ ပြုလုပ်လာခဲ့ ပါသည်။

အေးအေးသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပါ အခွင့်အရေးကို ရထိုက်သင့်ပါသလား။ မည်သို့ ထင်မြင်ပါသနည်း။

(က) ရထိုက်သည်။ (ခ) အခွင့်အရေးမရှိ။

[၂၄] ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ' ကို ပြင်ဆင်သည့်ဥပဒေ, April 29, 2021, https://www.mlis.gov.mm/mLsView.do;jsessionid=D62AA80FBEE4BCC22A0FE28D5D2BF742?lawordSn=16234 [accessed June 16, 2023].

## အလုပ်လေ့ကျင့်ခန်း

- ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေအား ပြင်ဆင်လိုက်သည့်ဥပဒေအရ သင့်အတွက် ဥပဒေအရပေးထားသော အခွင့်အရေးများကို ရေးမှတ်ပါ။
- ထိုအခွင့်အရေးများသည် လက်တွေ့နှင့် ကိုက်ညီမှုရှိနိုင်သလား ဆန်းစစ်ပါ။
- သင်သည် ဥပဒေအထောက်အကူပေးနေသည့် ရှေ့နေတစ်ဦးဖြစ်သည်ဆိုက ဖော်ပြပါဥပဒေအရ သင်၏ အခန်းကဏ္ဍမည်သို့ရှိနေသည်ကို ဆန်းစစ်ပါ။

## ပြန်ပြောင်းသုံးသပ်မှု

ERD တစ်ဦးဖြစ်သော သင့်အနေဖြင့် ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများကို စဉ်ဆက်မပြတ် သိရှိနေရန် အရေးကြီးသည်။

### ၁.၃။ တရားစီရင်ရေးအပေါ် သက်ရောက်မှုများ

စစ်တပ်ကျောထောက်နောက်ခံ အာဏာရှင်အစိုးရအဆက်ဆက်သည် ပြည်သူများအား ဥပဒေအရဖြစ်စေ၊ အာဏာအရဖြစ်စေ ဖိနှိပ်မှုလုပ်ရပ်မျိုးစုံကို ယခုမှကျူးလွန်ခဲ့ကြခြင်းမျိုးမဟုတ်ပဲ အာဏာရှင်အစိုးရ အဆက်ဆက်ကျူးလွန်ခဲ့ကြသည်ကို သမိုင်းကြောင်းများအရ တွေ့မြင်သိရှိနိုင်ပါသည်။

၁၉၅၈ ခုနှစ်၊ အိမ်စောင့်အစိုးရလက်ထက် နိုင်ငံရေးလှုပ်ရှားသူများကို ထောင်ဒဏ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ် ချမှတ်၍ ကိုကိုးကျွန်းသို့ ပို့ဆောင်အပြစ်ပေးခြင်းများ ပြုလုပ်ခဲ့ကြသည့်အပြင် ၁၉၆၂-၆၃ ခုနှစ် အာဏာသိမ်းမှုဖြစ်စဉ်အပြီး နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးခဲ့ခြင်းများလည်း ရှိခဲ့သည်။ ၁၉၆၉ ခုနှစ်၊ တော်လှန်ရေးကောင်စီလက်ထက်အရောက်တွင် ကိုကိုးကျွန်း၌ပင် အကျဉ်းထောင်ဆောက်လုပ်ကာ နိုင်ငံရေးလှုပ်ရှားသူများကို ဖမ်းဆီးအရေးယူ တစ်သက်တစ်ကျွန်းပြစ်ဒဏ်များ ချမှတ်ခဲ့ကြပြန်သည်။ ထိုမှတဆင့် ၁၉၈၈ခုနှစ်၊ စစ်အာဏာသိမ်းမှုတွင်လည်း ဒီမိုကရေစီအရေး တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သော ကျောင်းသားလူငယ်များနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးခဲ့ပြီး စစ်ခုံရုံးများတွင် တရားစွဲဆို ပြစ်ဒဏ်ချခြင်းများ ရှိခဲ့သလို၊ အလားတူ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေး ဖြစ်စဉ်တွင်လည်း တက်ကြွလှုပ်ရှားသူများကို နှစ်ရှည်ထောင်ဒဏ်များချမှတ်အပြစ်ပေးအရေးယူခြင်းများ ပြုလုပ်ခဲ့ကြသည်။[၂၅] ထိုနည်းတူစွာ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု ဖြစ်စဉ်တွင်လည်း အပြစ်မဲ့ပြည်သူ၊ ကျောင်းသားလူငယ်အများအပြား၊ နိုင်ငံရေးနှင့်အခြားသောတက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးအပြစ်ပေး အရေးယူခြင်းများ ပြုလုပ်ခဲ့ကြပါသည်။[၂၆]

၂၀၂၁ ခုနှစ် မတ်လအတွင်း ထုတ်ပြန်ခဲ့သော အမိန့်များအရ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် (၆)ခုကို စစ်အုပ်ချုပ်ရေးအောက်တွင် စတင်ထားရှိခဲ့သည်။၎င်းမြို့နယ်များအတွင်း ရာဇဝတ်မှုများကို စစ်ခုံရုံးများတွင်

[၂၅] Institute for Strategy and Policy–Myanmar, *ဥပဒေကြောင်းအရ တိုက်ပွဲသည်လည်း အရေးကြီးပါသည်,* n.l., March 27, 2021, https://www.ispmyanmar.com/burmese/wm-12/ [accessed May 26, 2023].

[၂၆] Assistance Association for Political Prisoners, အကြမ်းဖက်စစ်အုပ်စုအာဏာသိမ်းချိန်မှ ၂၀၂၃ခုနှစ်၊ မေလ (၃၁) ရက်နေ့အထိ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ ကောက်ယူမှတ်တမ်းတင်ထားသည့် အဖမ်းအဆီးနှင့် သေဆုံးအချက်အလက်များ ဖော်ပြချက်ဖြစ်ပါသည်။, June 1, 2023, https://aappb.org/bu?p=25075 [accessed June 19, 2023].

ကြားနာစစ်ဆေးမည်ဖြစ်ကြောင်းနှင့် ၎င်းပြစ်မှုများအတွက် အမြင့်ဆုံးပြစ်ဒဏ်သည် သေဒဏ် (သို့) အလုပ်ကြမ်းနှင့်ထောင်ဒဏ်တစ်သက်တကျွန်းချမှတ်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိပါသည်။ အရပ်သားများကို ပစ်မှတ်ထားသည့် အမှုတွဲများအား စစ်ခုံရုံးများတွင် စုပေါင်းတရားစွဲဆိုကာ တရားစွဲဆိုခံထားရသည့် ပုဂ္ဂိုလ်များ၌ ဥပဒေလမ်းကြောင်းအရ ကိုယ်စားပြုခွင့် မရကြပေ။ စစ်အုပ်ချုပ်ရေးကြေငြာချက် မထုတ်ပြန်ထားသော မြို့နယ်များတွင် ရာဇသတ်ကြီးပုဒ်မ-၅၀၅ ကဲ့သို့ အမှုများကို စစ် ဆေးစီရင်သည့်အခါ အကျဉ်းထောင်အတွင်းရှိ တရားရုံးများတွင်သာ တရားစီရင်ကြသည်။ အကျဉ်း ထောင် တရားရုံးများအတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရသူ အများစုသည် ဥပဒေအကြံဉာဏ်၊ ဥပဒေ အထောက်အကူမရရှိကြသည့်အပြင် ရရှိသူအချို့သည်လည်း ၎င်းတို့၏ရှေ့နေများဖြင့် တိုင်ပင်ဆွေးနွေးခြင်း၊ သက်သေခံပစ္စည်းများ၊ မျက်မြင်သက်သေများ တင်ပြရာတွင် စိန်ခေါ်မှုအခက်အခဲများစွာကိုကြုံတွေ့ရသည့်အတွက် ဤအချက်သည် တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ဆက်စပ်၍ စိုးရိမ်ဖွယ်ရာကိစ္စရပ်ဖြစ်လာပြီး မျှတသောတရားစီရင်ရေးဆိုင်ရာစံနှုန်းပါ အခွင့်အရေးများ ချိုးဖောက်ရာ ကျရောက်ပါသည်။

အာဏာပိုင်တို့၏ ထိုသို့သော ပြုလုပ်ချက်များသည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် သွေဖယ်နေကြောင်း သိရှိနိုင်ပေသည်။[၂၇] ထို့အပြင် အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်သဖြင့် ဖမ်းဆီးခံရသူများတွင် အသက် ၁၈နှစ် အောက် (ကလေးသူငယ်) အရွယ်များလည်း ပါဝင်ပြီး အချို့မှာ ထောင်ဒဏ်ချမှတ်ခံရခြင်း၊ အချို့မှာ စစ်ကြောရေးစခန်းများတွင် စစ်ဆေးခံနေရစဉ် ညည်းပန်းနှိပ်စက်ခံရမှုကြောင့် ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ရသည့်ဖြစ်စဉ်များ ရှိခဲ့သည့်အပြင်၊ အချို့မှာ ဖမ်းဝရမ်းထုတ်ခြင်းခံထားရသဖြင့် တိမ်းရှောင်နေရသည့် အခြေအနေများလည်းရှိနေဆဲဖြစ်သည့်အတွက် လူတိုင်းသည် အသက်ရှင်သန်ရန် လွတ်လပ်မှုနှင့် လုံခြုံစိတ်ချခွင့်ရှိရမည်[၂၈] ဆိုသောအချက်သည် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံသားများနှင့်သက်ဆိုင်ခြင်း မရှိတော့ပြီလားဟူ၍ မေးခွန်းထုတ်ရန်ပင် ရှိနေသည်။

အလားတူ လူတိုင်းတွင် လွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုရပိုင်ခွင့်ရှိပြီး မည်သူမျှ မတရားဖမ်းဆီးခံရခြင်း(သို့) မတရားချုပ်နှောင်ခံရခြင်း မရှိစေရ။ ဥပဒေအရ ပြဋ္ဌာန်းသည့် အခြေခံအကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီမှတပါး မည်သူမျှ၎င်း၏လွတ်လပ်ခွင့်ကို ဖယ်ရှားခြင်းမခံစေရ။[၂၉] ဟူသည့် ပြဋ္ဌာန်းချက်နှင့်လည်း ဆန့်ကျင်နေပေသည်။


ထို့အပြင် အာဏာရှင်၏အလိုကျ လုပ်ဆောင်ပေးနေရသော တရားစီရင်ရေးအဖွဲ့အစည်းသည် အာဏာရှင်တို့၏ အမိန့်ပေးစေခိုင်းချက်များအရ တရားမျှတမှုမရှိသောဥပဒေများ စိုးမိုးလာစေရန်အတွက် ထောက်ပံ့လုပ်ဆောင်ပေးနေသည်မှာ အုပ်ချုပ်ရေးကဏ္ဍာသမားများသည် တရားစီရင်ရေးအဖွဲ့အစည်းတစ်ခုလုံးအပေါ် လွှမ်းမိုးချုပ်ကိုင်ကာ ချယ်လှယ်မှုပြုလုပ်နေသည်ကို မငြင်းဆန်သည့်အခြေအနေရှိသည်ကို တွေ့မြင်နေရပါသည်။

---

၂၇ Hanns Seidel Foundation, International Covenant on Civil and Political Rights, Myanmar and English version, n.d., n.l., https://view.publitas.com/hanns-seidel-foundation-myanmar/iccpr-english-myanmar/page/12-13 [accessed June 16, 2023].

၂၈ UDHR အပိုဒ် (၃) ။ https://myanmar.gov.mm/documents/20143/0/UDHR-1+%281%29.pdf/c973ec8a-9152-bce0-9022-cac34877b406?t=1561355041132 [accessed June 19, 2023].

၂၉ Hanns Seidel Foundation, International Covenant on Civil and Political Rights, Myanmar and English version, n.d., n.l., အပိုဒ် ၉ (၁) ။ June 2020, [https://view.publitas.com/hanns-seidel-foundation-myanmar/iccpr-english-myanmar/page/16-17 ] [accessed June 19, 2023].



ထို့အပြင် တရားစီရင်ရေးတာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရမည်ဟူသော တရားစီရင်ရေးဆိုင်ရာ အခြေခံမူကိုလည်း လိုက်နာ၊ ကျင့်သုံးရန် ပျက်ကွက်လျက်ရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။

အမှုနှင့်ပတ်သတ်သည့် သတင်းအချက်အလက်များကို ပြည်သူများသိရှိသွားမည်ကို စိုးရိမ်သည့်အတွက် ထိုအမှုကို လိုက်ပါဆောင်ရွက်နေသည့် ရှေ့နေများအား အမှုနှင့်ပတ်သက်သည့် အကြောင်းအရာများ ထုတ်ဖော်ပြောဆိုခွင့်ကို တားမြစ်ခဲ့ကြသည်။[၃၀]

၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတွင် တရားစီရင်ရာတွင် အောက်ပါတို့ကို အခြေခံ၍ စီရင်ရမည်-

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊
(ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊
(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိရေး၊

၃၀ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့အား စွဲဆိုထားသောအမှုများတွင် လိုက်ပါဆောင်ရွက်နေသော ရှေ့နေ များကို ၁၄၄ အမိန့်များထုတ်ဆင့်ခဲ့ခြင်း– BBC News Burmese, 'ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ထွက်ဆိုမယ့် ရုံးချိန်းမတိုင်ခင် ရှေ့နေတွေနဲ့ စကားပြောခွင့် ဆက်တိုက်ပိတ်ပင်ခံနေရ,' October 23, 2023, https://www.bbc.com/burmese/burma-59021249 [accessed May 29, 2021].
ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတစ်ဦးဖြစ်သူကို အောက်တိုဘာ၂၃ ရက်နေ့တွင် မီဒီယာများအပါအဝင် ပြင်ပအဖွဲ့အစည်းများ နှင့် ဆက်သွယ်ပြောဆိုခြင်း မလုပ်ရန် တားမြစ်သည့်ပုဒ်မ ၁၄၄ အမိန့်ထုတ်ပြန်ခဲ့ခြင်း။ ၎င်းမှာ ရှေ့နေ ၅ ဦးမြောက် ၁၄၄ အထုတ်ခံရခြင်းလည်း ဖြစ်သည်။

(ဃ) ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး၊

(င) ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့်ပျိုးထောင်ပေးရေး၊

(စ) ပြည်သူအချင်းချင်းနှင့် ပတ်သက်သောအမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီး ပြတ်စေရေး၊

(ဆ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး။

ထို့ပြင် ၎င်းတို့ လေးစားလိုက်နာပါသည်ဆိုသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဌာန်းချက်များကို လိုက်နာခြင်းမရှိဘဲ မျက်ကွယ်ပြုထားသည့်အတွက် အာဏာရှင်တို့၏ လက်သုံးစကားဖြစ်သော "အခြေခံဥပဒေကို အမြဲလေးစားလိုက်နာနေပါသည်" ဆိုသည့်စကားမှာ ပျက်ရယ်ပြုစရာတစ်ခုအဖြစ်သာ ရှိနေပေသည်။

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၁၉နှင့် ပုဒ်မ-၃၇၅ တို့တွင် ဥပဒေနှင့်အညီ ခုခံချေပ ခွင့်ကို အာမခံထားပါသည်။[၃၀] ထို့အပြင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ- ၃၄၀[၃၁] နှင့် တရားရုံးများလက်စွဲ ပုဒ်မ- ၄၅၅(၁)[၃၂] တွင်လည်း အတိအလင်း ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ- ၁၉ အောက်ပါတို့ကို တရားစီရင်ရေးမူများအဖြစ် သတ်မှတ်သည်။

- ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊
- ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊
- အမှုများတွင် ဥပဒေအရ ခုခံချေပခွင့် နှင့် အယူခံပိုင်ခွင့်ရရှိရေး။

ပုဒ်မ- ၃၇၅ ပြစ်မှု ကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့် ရှိစေရမည်။

ထို့အပြင် စွပ်စွဲခံရသူများအနေဖြင့် ၎င်းတို့စွပ်စွဲခံရသည့်အမှုများကို ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် အခွင့်အရေးများလည်း ပျောက်ဆုံးလျက် ရှိနေပေသည်။ အသစ်ပြန်လည် ပြင်ဆင်၊ ပြဌာန်းထားသည့် ဥပဒေများ၏ ကြီးလေးသည့်ပြစ်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုပုဒ်မများဖြင့် တရားစွဲဆိုခံကြရပြီး အမှုကို ခုခံချေပရန် ရှေ့နေငှားရမ်းခွင့်၊ အမှုဖြစ်အကြောင်းချင်းအရာကို ရှေ့နေနှင့်ဆွေးနွေးတိုင်ပင်ခွင့် များကို အကန့်အသတ်ဖြင့်သာ ပြုလုပ်စေခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ(၂၂) ရက် ရက်စွဲဖြင့် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်းများကို ရပ်ဆိုင်းထားရမည်ဖြစ်ကြောင်း ကြေငြာချက် ထုတ်ပြန်ခဲ့ခြင်းတို့ကြောင့် ဖမ်းဆီးခံရသူများအတွက် တရားမျှတမှု နှင့် ဥပဒေအကာအကွယ်ရရှိခွင့်တို့ ပျောက်ဆုံးသွားခဲ့ပြီလား ဟု မေးခွန်းထုတ်စရာ ဖြစ်လာခဲ့သည်။

---

၃၀ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉ နှင့် ၃၇၅။ May 29, 2008, http://www.asianlii.org/mm/legis/const/2008/1.pdf [accessed June 16, 2023].

၃၁ ရာဇဝတ်ကျင့်ထုံးဥပဒေ အခန်း ၂၄၊ ပုဒ်မ-၃၄၀ (၁)- ရာဇဝတ်တရားရုံး တစ်ရုံးတွင် ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခံရသူ မည်သူမဆို (သို့မဟုတ်) ဆိုခဲ့သည့် တရားရုံးတစ်ရုံးတွင် ကျင့်ထုံးဥပဒေအရ အမှုစွဲဆိုခြင်းခံရသူ မည်သူမဆို ရှေ့နေဖြင့် ခုခံချေပပိုင်ခွင့်ရှိသည်။ https://www.burmalibrary.org/docs15/code-of-criminal-procedure-bu-red-ocr-image-en.pdf [accessed Jan-21-2024].

၃၂ တရားရုံးများလက်စွဲ အပိုင်း(၄)၊ အခန်း (၁၇)၊ ပုဒ်မ ၄၅၅ (၁)။ https://rcms.usc.gov.mm/bcmdetail [accessed Jan 21, 2024].

## ၁ (ခ)။ အာဏာသိမ်းမှုနောက်ပိုင်းလူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများ Earth Rights Defenders (ERDs)၊ ရှေ့နေများအပေါ် ခြိမ်းခြောက် ဖမ်းဆီး နှိပ်စက်ခံရမှုများ။

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီအား နိုင်ငံတကာမှ တင်းကြပ်သည့် စီးပွားရေးပိတ်ဆို့အရေးယူမှုများပြုလုပ်ခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအချို့ ရုတ်သိမ်းထွက်ခွာသွားကြပါသည်။[၂၄] ထို့ကြောင့် ၎င်းတို့အား ထောက်ခံအားပေးသည့် ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လာနေသည့်အတွက်[၂၅] မြေယာ၊ သဘာဝပတ်ဝန်းကျင် အရေး တက်ကြွလှုပ်ရှားသူ (ERDs) များသည် ၎င်းတို့၏ အဓိကပြစ်မှတ်များ ဖြစ်လာကာ ကြီးလေးသည့်ပုဒ်မများဖြင့် ဖမ်းဆီး၊ချုပ်နှောင်၊ ပြစ်ဒဏ်ချစီရင်မှုများကို ပိုမိုလုပ်ဆောင်ခံခဲ့ကြရပါသည်။




ထို့ကြောင့် မိမိကိုယ်တိုင်နှင့် အခြားသူများအတွက်  တရားမျှတမှုနှင့် အခွင့်အရေးများအတွက် ကိုယ်စားပြုလုပ်ဆောင်ပေးနေကြသူများမှာ ၎င်းတို့ကိုယ်တိုင် တရားမျှတမှု အခွင့်အရေးများနှင့် အလှမ်းကွာဝေးလျက် ရှိနေကြပြီး ခြိမ်းခြောက်ခံနေရသည့် အခြေအနေတစ်ရပ် မြန်မာနိုင်ငံတွင် ရှိနေဆဲဖြစ်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။

---

၂၄ VOA News, 'TOTAL နဲ့ Chevron စွမ်းအင်ကုမ္ပဏီကြီးတွေ မြန်မာနိုင်ငံမှာ လုပ်ငန်းရပ်မယ်လို့ကြေညာ,' January 21, 2022, https://burmese.voanews.com/a/world-energy-companies-total-and-chevron-withdraw-from-Myanmar/6406572.html [accessed May 29, 2023].

၂၅ BBC News Burmese, 'ကချင်ပြည်နယ်က မြေရှားသတ္တုတူးဖော်မှု အများအပြား ပြန်စလာ,' April 13, 2022, https://www.bbc.com/burmese/burma-61099871 [accessed May 29, 2023].

မြေယာ၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ (ERDs) များကို ယခုအာဏာသိမ်းကာလမှသာ ဖမ်းဆီးအရေးယူနေခြင်းမဟုတ်ဘဲ အာဏာမသိမ်းမီ ယခင်အစိုးရများလက်ထက်ကတည်းကပင် ဖမ်းဆီးအပြစ်ပေး အရေးယူရန် လုပ်ဆောင်မှုများလည်း ရှိခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းက ကရင်ပြည်နယ်၊ မြိုင်ကလေးဘိလက်မြေစက်ရုံ ကျောက်မီးသွေးလောင်စာ အသုံးပြုမှုကို ဖျက်သိမ်းပေးရန် ဒေသခံများ၏ မေတ္တာပို့ဆုတောင်းပွဲတွင် ပါဝင်ခဲ့သည်ဟုဆိုကာသဘာဝပတ်ဝန်းကျင်အရေးတက်ကြွလှုပ်ရှားသူ ကရင်အမျိုးသားတစ်ဦးအား ကရင်ပြည်နယ် ဘားအံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်မှူးမှ ရာဇသတ်ကြီး ပုဒ်မ-၅၀၅(ခ) ဖြင့် တရားစွဲဆိုခဲ့သည့် ဖြစ်ရပ်တစ်ခုရှိခဲ့ပါသည်။ ၎င်းအပြင် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်စဉ်အပြီး နိုင်ငံတဝှမ်းမြေယာ ၊သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများ၊ ရှေ့နေများကိုဖမ်းဆီးပြီး ပြည်သူ့ကာကွယ်ရေးနှင့် ဒေသကာကွယ်ရေးတပ်ဖွဲ့ (People’s Defense Forces - PDFs, Local Defense Forces - LDFs) များအား ငွေကြေးထောက်ပံ့သည်ဟုစွပ်စွဲကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ - ၅၀(ည)၊ ရာဇသတ်ကြီးတို့ဖြင့် ဖမ်းဆီးအရေးယူခြင်းများ ပြုလုပ်လျက် ရှိနေခဲ့ပါသည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း မြေယာနှင့်သဘာဝပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် ကချင်ပြည်နယ်၊ ပူတာအိုဒေသမှ ရဝမ်လူမျိုးအမျိုးသားတစ်ဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ -၅၀(ည) ဖြင့် ဖမ်းဆီး၍ ထောင်ဒဏ် (၁၀)နှစ် ချမှတ်အပြစ်ပေး အရေးယူခဲ့သည့် ဖြစ်ရပ်တစ်ခု ရှိပါသည်။[၃၆]

ထို့အပြင် အာဏာသိမ်းပြီးနောက်ပိုင်း မြေယာနှင့်သဘာဝပတ်ဝန်းကျင်အရေးတက်ကြွလှုပ်ရှားသူ အယောက် (၂၀)ကျော်ခန့် ဖမ်းဆီး၊ထိန်းသိမ်းခံထားရပြီး တချို့သောသူများမှာ မိသားစုနှင့် အဆက်အသွယ်မရဘဲ ၎င်းတို့၏ အသက်အန္တရာယ်ပင် စိုးရိမ်ရသည့် အနေအထားတွင်ရှိကြောင်း သိရှိရပါသည်။

အလားတူ မြေယာ၊ သဘာဝပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူတစ်ဦး၏ ဇနီးဖြစ်သူနှင့် ၎င်းတို့၏ သားဖြစ်သူ အသက်(၂)နှစ်အရွယ်ကလေးငယ်တို့အား မုံရွာမြို့တွင် ဖမ်းဆီးခံခဲ့ရသည့် ဖြစ်ရပ်လည်း ဖြစ်ပေါ်ခဲ့ပါသည်။[၃၇]

## ၂.၁) ဖမ်းဆီး ထိန်းသိမ်းခံရအပြီး ERDs အပေါ် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ

စစ်ကောင်စီလက်ထက်တွင် မတရားဖမ်းဆီးခြင်းခံရသူ မည်သူမဆို နိုင်ငံသားတစ်ယောက်၏ ရရှိသင့် ရရှိထိုက်သောအခွင့်အရေးများ ဆုံးရှုံးလျက် ရှိနေပါသည်။ စစ်ကောင်စီသည် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကြေငြာစာတမ်း ပြဋ္ဌာန်းချက်ပါ “လူတိုင်းတွင် လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟပြောပြနိုင်ခွင့်

၃၆ Kachin News Group, ‘ရဝမ် လူငယ်အသင်း ဥက္ကဌ ဦးဖုန်ရှော့ဖီနန်ကို စစ်ကောင်စီ မှ ထောင်ဒဏ် ၁၀ နှစ် ချမှတ်,’ June 29, 2022, https://burmese.kachinnews.com/2022/06/29/jun29-yl1/?fbclid=IwAR3uDj8LzuT8xCCZLEzv5SwxzNdCTPb95RPFC7VQBQFwyr6tCFiAueIC32g [accessed May 29, 2023].

၃၇ Myanmar Alliance for Transparency and Accountability ‘ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု ဆိုင်ရာ မဟာမိတ်အဖွဲ့ဝင်များ ဖမ်းဆီးခံရမှု ဖြစ်စဉ်,’ Facebook post, September 6, 2021, https://m.facebook.com/MATANRGMYANMAR/posts/6003777923025853/?comment_id=6003967423006903, [accessed June 16, 2023].

ရှိသည်” ဟူသောအချက်ကို[၃၈] လေးစားလိုက်နာမှုမရှိသည့်အပြင် အလားတူ အပိုဒ်-၇ ပါ “လူသားအားလုံးသည် ဥပဒေအရာ၌ တူညီကြသည့်အပြင် ဥပဒေ၏ အကာအကွယ်ကို ခြားနားခြင်း မခံရစေဘဲ တူညီစွာခံစားပိုင်ခွင့်ရှိသည်”[၃၉] ဟူသည့် ပြဋ္ဌာန်းချက်ကိုလည်း လေးစားလိုက်နာမှုမရှိပဲ ၎င်းတို့အလိုကျဥပဒေများကို ပြုပြင်ပြောင်းလဲ၊ ပြင်ဆင်ခြင်းများပြုလုပ်ကာ ERDs များအပေါ် ဥပဒေအရ အကာအကွယ်မရရှိစေရန် စနစ်တကျ ဖိနှိပ်ကန့်သတ်ခြင်းများ ပြုလုပ်လျက်ရှိနေသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။

- ဖမ်းဆီးခံရပြီးနောက် အမှုမစွဲတင်မီ တရားစွဲအဖွဲ့အစည်းမှ စုံစမ်းစစ်ဆေးဆဲအဆင့်တွင် ကာလကြာရှည်စွာ စစ်ကြောရေးစခန်းများတွင် ဖမ်းဆီးချုပ်နှောင်ထားခြင်း။
- စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုများ နှင့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားမှုများ ကိုလည်း ကျူးလွန်ခံရခြင်း။[၄၀]
- စစ်ကြောရေးများတွင် သေဆုံးသွားသောဖမ်းဆီးခံရသူများ၏ ရုပ်အလောင်းများကို မိသားစုများ ကြည့်ရှုခွင့်မရခြင်း။
- ဖမ်းဆီးခံရသူများအား မိသားစုဝင်များနှင့် တွေ့ဆုံခွင့်မပေးခြင်း။
- ရှေ့နေရှေ့ရပ်များ နှင့် တွေ့ဆုံခွင့်မပေးခြင်း။
- ညှင်းပန်းနှိပ်စက်ကာ အတင်းအဓမ္မနည်းလမ်းဖြင့် ဖြောင့်ချက်ပေးစေကာ ဝန်ခံချက်ရယူပြီး တရားဥပဒေအရ အမှုစစ်ဆေးစီရင်စစ်ဆေးခြင်း မခံရသေးမီအချိန်တွင်ပင် ၎င်းတို့၏ ဝါဒဖြန့်သတင်းမီဒီယာများမှ ထုတ်လွှင့်ပြသနေခြင်း။
- နာမကျန်းဖြစ်နေသည့် အကျဉ်းသားများအတွက်လည်း လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု၊ အချိန်မီဆေးဝါးကုသခွင့် မရရှိခြင်း။
- မိသားစုဝင်များအား ပစ်မှတ်ထား၍ လူစားထိုးဖမ်းဆီးခြင်းများ ပြုလုပ်ခြင်း။
- ဥပဒေနှင့်အညီ လွတ်လပ်သော တရားစီရင်ဆုံးဖြတ်ပိုင်ခွင့်အရ ချမှတ်သော အမိန့်မျိုးမဟုတ်ဘဲ အဆင်သင့်သတ်မှတ်ထားပြီးသော ပြစ်ဒဏ်များ ချမှတ်ခံရခြင်း။

“ရဲစခန်း သို့မဟုတ် အခြားတစ်နေရာ၌ ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းခံရသူ၏ မိသားစုများကို အသိပေးအကြောင်းကြားခြင်းနှင့် လိုအပ်ပါက ဤဥပဒေနှင့်အညီ ဥပဒေဆိုင်ရာ အထောက်အကူပေးနိုင်ရန် ဆောင်ရွက်ရမည်။”[၄၁] ဟူသည့် ဥပဒေပါပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်လျက် ရှိနေသည်မှာ မြင်သာပေသည်။ ထိုနည်းတူစွာ တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်း ခံနေရသူများကိုသာ ဥပဒေ အထောက်အကူပေးမည်ဖြစ်ကြောင်း ပြင်ဆင်ပြဋ္ဌာန်းလိုက်ခြင်းသည် ပြစ်မှုဖြင့် စွပ်စွဲ၊ ဖမ်းဆီးခံရသူများ၏ ဥပဒေအရ အကျိုးခံစားပိုင်ခွင့်ကို ရည်ရွယ်ချက်ရှိရှိ တားမြစ်ကန့်သတ်၍ အခွင့်အရေး ချိုးဖောက်ခြင်း ဖြစ်ပါသည်။

---

၃၈ Myanmar National Human Rights Commission, UDHR article 19, April 17, 2013, https://myanmar.gov.mm/documents/20143/0/UDHR-1+%281%29.pdf/c973ec8a-9152-bce0-9022-cac34877b406?t=1561355041132 [accessed June 19, 2023].

၃၉ Myanmar National Human Rights Commission, UDHR article 7, April 17, 2013, https://myanmar.gov.mm/documents/20143/0/UDHR-1+%281%29.pdf/c973ec8a-9152-bce0-9022-cac34877b406?t=1561355041132 [accessed Jan 21,2024].

၄၀ Radio Free Asia, ‘ကမာရွတ်မီဒီယာမှ ကိုနေသန်မောင်အတွေ့အကြုံများ,’ကမာရွတ်မီဒီယာမှ မြန်မာပြည်မှာ ဒီစစ်တပ်သာ ဆက်အုပ်ချုပ်နေသရွေ့က ဒီမိုကရေစီမပြောနဲ့ နိုင်ငံသားတဦးချင်း အသက်ရှင်ရပ်တည်ခွင့်တောင်မသေချာတော့ဘူး (ငရဲခန်းက လွတ်မြောက်လာသူ ကိုနေသန့်မောင် နှင့် RFA အင်တာဗျူး, June 29, 2021, https://www.facebook.com/watch/?v=981047842713549 [accessed May 29, 2023].

၄၁ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ-၂၅ (က), January 18, 2016, https://www.mlis.gov.mm/lsScPop.do?lawordSn=1379 [accessed June 16, 2023].

ထို့ပြင် အကျဉ်းဦးစီးဌာနလက်အောက်ရှိ အကျဉ်းထောင်များအတွင်းတွင် ဖမ်းဆီးထိန်းသိမ်းခံနေရသူများမှာ အကျဉ်းထောင်အတွင်း ၎င်းတို့ ရသင့်ရထိုက်သော အခြေခံအခွင့်အရေးများကို များစွာဆုံးရှုံးနေကြရပါသည်။

ဖမ်းဆီးခံရပြီး သက်ဆိုင်ရာအကျဉ်းထောင်များတွင် ပြစ်ဒဏ်ချ အကျဉ်းကျခံနေရသူများသည် ၎င်းတို့၏ မိသားစုဝင်များနှင့်တွေ့ဆုံခွင့် မရရှိသည့်အပြင်၊ နာမကျန်းဖြစ်နေသည့် အကျဉ်းသားများအတွက်လည်း လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိခွင့် ဆုံးရှုံးလျက်ရှိနေသည်ကို တွေ့မြင်သိရှိနေရပါသည်။[၄၂]

ထို့ပြင် မိသားစုဝင်များအနေဖြင့် “ရဲများမှ ဖမ်းဆီးခံရသူအား ညှဉ်းပမ်းနှိပ်စက်မှု ရှိ/မရှိချုပ်နှောင်ရာတွင် လိုအပ်သည်ထက် ပိုမိုကျဉ်းကျပ်အောင် လုပ်ခြင်းရှိ/မရှိ သိရှိအောင် ဆောင်ရွက်ရန်အခွင့်အရေး ရှိသော်လည်း၊ လက်ရှိအနေအထားတွင် သက်ဆိုင်ရာမိသားစုဝင်များအနေဖြင့် ဖမ်းဆီးခံရသူမှာ “မည်သည့်နေရာတွင် ချုပ်နှောင်ထားခံရပြီး မည်မျှညှဉ်းပမ်းနှိပ်စက်ခံနေရသလဲ”ဆိုသည် ကို သိရှိနိုင်ခွင့်ထက် မိသားစုဝင်များ ထပ်မံဖမ်းဆီးခြင်း မခံရစေရန် တိမ်းရှောင်နေကြရသည့် အခြေအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။

အလားတူ တရားရင်ဆိုင်နေရသူအကျဉ်းသားများသည် ဖြောင့်မှန်သော အရည်အသွေးရှိသော ဥပဒေ အကြံပေးများကို အခြားသူများရှိမနေဘဲ တွေ့ဆုံခွင့်ရှိကြောင်း[၄၃] (အကျဉ်းထောင်လက်စွဲ **ပုဒ်မ-၄၀**) ဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားသော်လည်း လက်ရှိတွင် အကျဉ်းသားများအနေဖြင့် ဥပဒေအကြံဉာဏ်များရယူနိုင်မှုတို့တွင် ကန့်သတ်ခြင်းခံနေရသည့် အခြေအနေများဖြင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။

ထိုနည်းတူစွာ “အကျဉ်းထောင်လက်စွဲဥပဒေ အပိုဒ်- ၇၈၀ တွင်လည်း ပြစ်ဒဏ်ကျအကျဉ်းသားများ၊ တစ်သက်တစ်ကျွန်းကျခံရသည့် အကျဉ်းသားများ ၊ သေဒဏ်ကျအကျဉ်းသားများအနေဖြင့် ၎င်းတို့အား ၎င်းတို့၏ရှေ့နေ၊ မိတ်ဆွေများ၊ မိသားစုဝင်များနှင့် တွေ့ဆုံခွင့်ပေးရမည်”[၄၄] ဖြစ်ကြောင်း ပြဋ္ဌာန်းထားပြီး အလားတူ မန်ဒဲလ်လားစည်းမျဉ်း - ၅၈ တွင် အကျဉ်းသားများအား ချမှတ်ထားသည့် စည်းကမ်းအရ မိသားစုမိတ်ဆွေများနှင့် တွေ့ဆုံဆက်သွယ်ခွင့်ပြုရမည် ဖြစ်ကြောင်းဖော်ပြထားသည်ကို တွေ့ရှိနိုင်သလို စည်းမျဉ်းများ ၆၈၊ ၇၀ တွင်လည်း အကျဉ်းသားများ အခွင့်အရေးနှင့် သက်ဆိုင်ရာမိသားစုထံသို့ ၎င်းတို့ ထောင်ဒဏ်ကျခံရခြင်း၊ နာမကျန်းဖြစ်ခြင်း၊ သေဆုံးခြင်းများရှိခဲ့ပါက အကြောင်းကြားပေးရမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။[၄၅]

ထိုကဲ့သို့ ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေပြဋ္ဌာန်းချက်များတွင် အတိအလင်း ပြဋ္ဌာန်းထားပါသော်လည်း အာဏာသိမ်း စစ်ကောင်စီလက်အောက် ရဲဌာနများနှင့် အကျဉ်းဦးစီးဌာနများအနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များအား လိုက်နာခြင်းမရှိပဲ အခွင့်အရေးချိုးဖောက်မှုများကို ဆက်တိုက်ပြုလုပ်နေသည်ဆိုသည်မှာ ငြင်းဆိုဖွယ်မရှိပေ။

---

၄၂ Mizzima TV, '"ဖမ်းဆီးခံရပြီးတဲ့ အချိန်မှစ၍ မိသားစုနှင့်တွေ့ခွင့်မရခဲ့တဲ့ ကိုလှမျိုးအောင်",' 2022, https://www.youtube.com/watch?v=Evn57NKv4pQ [accessed May 29, 2023].

၄၃ Burma Library, Appendices of the Burma Jail Manual Part 2+3 (reprinted edition of 1969) 1983–Rangoon , "CHAPTER IX Visits to Prisoners," article 40, https://www.burmalibrary.org/docs16/Jail_Manual.pdf [accessed Jan 23,2024].

၄၄ Burma Library, Appendices of the Burma Jail Manual Part 2+3 (reprinted edition of 1969) 1983–Rangoon https://www.burmalibrary.org/docs16/Jail_Manual.pdf [accessed Jan 23,2024].

၄၅ United Nations, 'Nelson Mandela Rules,' n.d., https://www.un.org/en/events/mandeladay/mandela_rules.shtml [accessed May 29, 2023].

ထို့ပြင် “မည်သူမဆို ဥပဒေအရမဟုတ်သော ဖမ်းဆီးခြင်းကိုဖြစ်စေ၊ ချုပ်နှောင်ခြင်းကိုဖြစ်စေ မခံစေရ”[၅၆] ဟု လူ့အခွင့်အရေးကြေငြာစာတမ်းတွင် ပြဋ္ဌာန်းထားသည့်အပြင် “လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့်၊ လွတ်လပ်စွာ ဖွင့်ဟဖော်ပြနိုင်ခွင့်ရှိသည်။[၅၇] ဟု ခိုင်ခိုင်မာမာဖော်ပြ ပြဋ္ဌာန်းထားပါသော်လည်း လက်ရှိ မြန်မာပြည်သူအများအပြားသည် ဥပဒေမဲ့ဖမ်းဆီးခြင်းကိုခံနေကြရသည့်အပြင် ညှင်းပမ်းနှိပ်စက်ခြင်း၊ ကြီးလေးသည့် ပြစ်မှု၊ ပြစ်ဒဏ်များဖြင့် တရားစွဲဆိုအပြစ်ပေး၊အရေးယူမှုမျိုးစုံကိုလည်း ခံစားကြုံတွေ့နေကြရပါသည်။

ထို့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး ၊ဒေသတရားရုံး တရား သူကြီးများ၊ ခရိုင်တရားရုံးတရားသူကြီးများအနေဖြင့် အကျဉ်းထောင်များ၊ ရဲဘက်စခန်းများနှင့် အလုပ်စခန်း၊ အချုပ်ခန်းများကို ၎င်းတို့ တရားစီရင်နေစဉ်ကာလအတွင်း စွပ်စွဲပြောဆိုခံရသူအတွက် ဖမ်းဆီး ချုပ်နှောင်ခံရချိန်အတွင်း ၎င်းတို့ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိစေရန်နှင့် တရားရုံးကိစ္စရပ် များဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာခြင်းမှ ကာကွယ်ရန်အတွက် ထိုတရားသူကြီးများက စစ်ဆေးကြရမည်[၅၈] ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသော်လည်း ၎င်းတို့၏လုပ်ဆောင်ချက်များသည် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သွေဖယ်နေသည်မှာ မြင်သာပေသည်။

ထို့ပြင် အထက်ဖော်ပြပြီး ပြင်ဆင်လိုက်သည့် “ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ” အရ တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံနေရသူများကိုသာ ဥပဒေအထောက်အကူပေးမည်ဖြစ်ကြောင်း ပြဋ္ဌာန်းလိုက်သည့်အတွက် “ပြစ်မှုများဖြင့် စွပ်စွဲ၊ ဖမ်းဆီး၊ ထိန်းသိမ်းခံနေရသော၊ ထိန်းသိမ်းခံရနိုင်ဖွယ်ရှိသောသူများ အတွက် ဥပဒေဆိုင်ရာ အထောက်အကူရရှိမှု အခွင့်အရေး ပျောက်ဆုံးသွားခဲ့ရပြီဖြစ်သည်။”

အလားတူ ၎င်းတို့ပြင်ဆင်လိုက်သည့် ဥပဒေ ပုဒ်မ ၂(ခ)ပါ ပြဋ္ဌာန်းချက်အရ” ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသည့် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် အထူးပြုစုစောင့်ရှောက်ရန် လိုအပ်နေသော သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများကို ဥပဒေအရ အထောက်အကူပေးခြင်း” ဆိုသည့် ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာခြင်း မရှိသည့်အပြင် လူမဆန်သည့်အခွင့်အရေးချိုးဖောက်မှုများကို ပုံသဏ္ဌာန်မျိုးစုံဖြင့် ကျူးလွန်လျက်ရှိနေပေသေးသည်။

ထို့ကြောင့် အာဏာရှင်တို့မည်သည်မှာ လူ့အခွင့်အရေးချိုးဖောက်မှုများကို ပုံသဏ္ဌာန်မျိုးစုံဖြင့်ချိုးဖောက်ကြလေ့ရှိပြီး ထိုချိုးဖောက်မှုအတွက် တာဝန်ယူ၊တာဝန်ခံမှုဆိုင်ရာများတွင်လည်း ပျက်ကွက်လျက်ရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကိုလည်း မျက်ကွယ်ပြုထားမြဲ ဖြစ်ပါသည်။

ထို့ကြောင့် အာဏာသိမ်းထားသော စစ်တပ်အနေဖြင့် ၁၉၉၈ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံမှ ပြဋ္ဌာန်းခဲ့သော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာကြေငြာစာတမ်း

၅၆ UDHR article 9. https://www.ohchr.org/sites/default/files/UDHR/Documents/UDHR_Translations/bms.pdf [accessed June 20, 2023].

၅၇ UDHR article 19. https://www.ohchr.org/sites/default/files/UDHR/Documents/UDHR_Translations/bms.pdf [accessed June 20, 2023].

၅၈ ရဲလက်စွဲ (၂၀၀၀ ပြည့်နှစ်)၊ အပိုဒ်- ၁၃၆၂။ https://policeforce.gov.mm/phocadownload/police-arm2.pdf?d=1 [accessed June 20, 2023].

အပိုဒ်(၃) ပါ ပြည်တွင်းဥပဒေများသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အချက်အလက်များနှင့် ကိုက်ညီမှုရှိရမည်။ ထို့အပြင် အခြားသော နိုင်ငံတကာဝတ္တရားများနှင့်သက်ဆိုင်သော လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များသည် ထိုနိုင်ငံ၏ လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်ခွင့်များနှင့် ကိုက်ညီစေရမည်။ ယင်းဥပဒေများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အကောင်အထည်ဖော်ခြင်းနှင့် ရရှိခံစားပိုင်ခြင်းတို့အတွက် တရားဥပဒေပြုရေးဆိုင်ရာ အခြေခံမူဘောင်ဖြစ်ရမည်[၄၉] ဆိုသည့် ပြဋ္ဌာန်းချက်ကို လျစ်လျူရှုထားသည်မှာ မြင်သာပေသည်။

[၄၉] General Assembly, Declaration on Human Rights Defenders, A/RES/53/144, March 8, 1999, https://www.ohchr.org/en/special-procedures/sr-human-rights-defenders/declaration-human-rights-defenders#:~:text=The%20Declaration%20on%20human%20rights,Declaration%20on%20human%20rights%20defenders [accessed May 29, 2023].

## ၁ (ဂ)။ အရပ်သားအစိုးရများအုပ်ချုပ်ခဲ့သည့် ၂၀၁၀ ခုနှစ်အလွန်ကာလ မြန်မာနိုင်ငံ၏ ဥပဒေပြုရေးအလားအလာနှင့် ပြည်သူအပေါ် ဖိနှိပ်မှုများကို လေ့လာကြည့်ခြင်း

လက်ရှိ မြန်မာနိုင်ငံ၏ ဥပဒေပြုရေးအပိုင်းနှင့် ပတ်သက်၍ ပြောဆိုရမည်ဆိုလျှင် အနီးစပ်ဆုံးဖြစ်သည့် အရပ်သားအစိုးရ စတင်အုပ်ချုပ်ခဲ့သည့် ၂၀၁၀ပြည့်နှစ်အလွန်ကာလ ဥပဒေပြုရေးအပိုင်းကို ချန်လှပ်ထား၍ မရပေ။

၂၀၁၀ ပြည့်နှစ်အလွန်မှသည် ၂၀၂၀ ပြည့်နှစ်အထိ (၁၀)နှစ်တာကာလအတွင်း ၂၀၁၀ - ၂၀၁၅ ခုနှစ်တွင် အရပ်သားအစိုးရအဖြစ် အသွင်ပြောင်းလဲအုပ်ချုပ်ခဲ့သည့် အာဏာရှင်အစိုးရနှင့် ၂၀၁၅ - ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် လူထုထောက်ခံအားပေးမှုအများဆုံး မဲရလဒ်ဖြင့်အနိုင်ရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (National League for Democracy, NLD) ဦးဆောင်သည့် အရပ်သား(ဒီမိုကရေစီ) အစိုးရဟူ၍ အစိုးရနှစ်ဆက်၏ အုပ်ချုပ်မှုရှိခဲ့သည်။

အာဏာရှင်တို့သည် အရပ်သားအစိုးရအဖြစ် ပြောင်းလဲမအုပ်ချုပ်မီအချိန်က ၎င်းတို့အလိုကျ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ကြသည်။ ထိုဥပဒေသည် ပြည်သူများ၏ ဆန္ဒသဘောထားမပါဝင်ဘဲ ၎င်းတို့စိတ်ကြိုက်ရေးဆွဲပြဋ္ဌာန်းထားခဲ့သည့် အဓိကကျသည့်ဥပဒေတစ်ခုလည်း ဖြစ်ပါသည်။

အရပ်သားအစိုးရနှစ်ဆက် အုပ်ချုပ်ခဲ့စဉ်ကာလအတွင်း ကဏ္ဍပေါင်းစုံနှင့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများစွာကို ဥပဒေပြုပြဋ္ဌာန်းခဲ့ကြသည်။ (၁၀) နှစ်တာ ကာလအတွင်း ဥပဒေများစုံလင်စွာပြဋ္ဌာန်းခဲ့သော်လည်း လက်တွေ့အကောင်အထည်ဖော်မှုအပိုင်းတွင် အားနည်းချက်များရှိနေသည့် အပြင် ထုတ်ပြန်ထားသည့် ဆက်စပ်သောဥပဒေများ၊ အချင်းချင်းကြား ပဋိပက္ခဖြစ်စေသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ အကြောင်းချင်းရာများကြောင့် အငြင်းပွားစရာကိစ္စရပ် အများအပြားလည်း ရှိနေခဲ့ရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း ကျင့်သုံးလျက်ရှိနေသည့် ဥပဒေ၊ နည်းဥပဒေအများစုသည် အုပ်ချုပ်ခံလူထုအတွက် တရားမျှတမှု၊ ဥပဒေအရ အကာအကွယ်ပေးနိုင်မှုနှင့် အခွင့်အရေးရရှိနိုင်မှုတို့တွင် မေးခွန်းထုတ်စရာ အများအပြားရှိ၍ နေသေးပေသည်။

အရပ်သားအစိုးရများလက်ထက် ထုတ်ပြန်ခဲ့သောဥပဒေများမှာ တက်ကြွလှုပ်ရှားသူ (ERDs) များအား တရားစွဲဆိုရာတွင် အသုံးများသော ဥပဒေများကို ကိုးကားဖော်ပြရလျှင်- ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ (၂၀၁၂)၊ ဆက်သွယ်ရေး ဥပဒေ (၂၀၁၃)၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေ (၂၀၁၄)၊ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၄)၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ (၂၀၁၄)၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းနှင့် စုဝေးခွင့်ဆိုင်ရာဥပဒေ (၂၀၁၆)၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ (၂၀၁၆)၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ (၂၀၁၇) အစရှိသည့် ဥပဒေများနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းခဲ့ကြသည်။ ၎င်းဥပဒေများထဲမှ ပထမ(၅)နှစ်တာ အရပ်သား အစိုးရလက်ထက်ပြဋ္ဌာန်းခဲ့သော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေဖြင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများသည်

ဖမ်းဆီး၊အပြစ်ပေး အရေးယူခြင်း ခံခဲ့ကြရသည်။

၂၀၁၆ ခုနှစ်အရောက် လူထု၏ဆန္ဒမဲဖြင့် အနိုင်ရရှိခဲ့သည့် NLD ဦးဆောင်သည့် ဒီမိုကရေစီအစိုးရလက်ထက်တွင်လည်း စစ်ပွဲဆန့်ကျင်ရေးလှုပ်ရှားမှုများနှင့် လယ်ယာမြေအရေးဆန္ဒပြမှုများကြောင့် တက်ကြွလှုပ်ရှားသူများကို ၎င်းဥပဒေ"ငြိမ်းချမ်းစွာစီတန်းလှည့်လှယ်ခွင့်နှင့် စုဝေးခွင့်ဆိုင်ရာဥပဒေပုဒ်မ- ၁၉၊ ၂၀၊ ရာဇသတ်ကြီး ပုဒ်မ- ၃၃၂၊ ပုဒ်မ- ၅၀၀တို့ဖြင့် ဖမ်းဆီးအရေးယူခြင်း ခံခဲ့ကြရပါသည်။[၅၀] ဖမ်းဆီးခံရသူများထဲတွင် စစ်ပွဲဆန့်ကျင်ရေးလှုပ်ရှားမှုများကြောင့် (၃၈)ဦး၊ လယ်ယာမြေအရေးတက်ကြွလှုပ်ရှားသူ (၆)ဦး ပါဝင်ပါသည်။

## ငြိမ်းချမ်းစွာ စီတန်းလှည့်လှည်ခြင်းနှင့်၊ စုဝေးခွင့်ဆိုင်ရာဥပဒေ

"မည်သူမဆို ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာသို့ အသိပေးတင်ပြခြင်းမရှိဘဲ စုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ (ပုဒ်မ-၁၉)"[၅၁]

"မည်သူမဆို ပုဒ်မ ၈၊ ပုဒ်မ၉ နှင့် ပုဒ်မ ၁၀တို့ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ (ပုဒ်မ-၂၀)"[၅၂]

ထို့ပြင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ- ၆၆(ဃ) ဖြင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများကို အစိုးရနှစ်ဆက်လုံး အပြစ်ပေးအရေးယူခဲ့သည့် ဖြစ်စဉ်များလည်း ရှိခဲ့ပါသည်။

"ပုဒ်မ- ၆၆(ဃ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း ၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း ကျူးလွန်သူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်၊ ငွေဒဏ်အပြင် ဒဏ်နှစ်ရပ်လုံး ချမှတ်အပြစ်ပေးရမည်။"[၅၃]

ပုသိမ်မြို့နေ ပြည်သူတစ်ဦးမှ စစ်ပွဲများအလိုမရှိဆိုသည့် ပြဇာတ်ကို လူမှုကွန်ယက်စာမျက်နှာတွင် တင်ခဲ့သည့်အတွက် တပ်မတော်မှ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ-၃၄(ဃ)ဖြင့် ၂၀၁၇ ခုနှစ်၊

---

၅၀ Assistance Association for Political Prisoners, 'အေအေပီပီမှ မေလအတွက် လစဉ် အစီရင်ခံစာ သုံးသပ်ချက်နှင့် လက်ကျန် နိုင်ငံရေးအကျဉ်းသား စာရင်းထုတ်ပြန် ,' June 20, 2018, https://aappb.org/bu?p=7341 [accessed May 29, 2023].

၅၁ Union Hluttaw, ငြိမ်းချမ်းစွာစီတန်းလှည့်လှယ်၊စုဝေးခွင့်ဆိုင်ရာဥပဒေ ၂၀၁၆, Naypyitaw, October 4, 2016, https://www.mlis.gov.mm/lsScPop.do?lawordSn=1024 [accessed May 29, 2023].

၅၂ State Peace and Development Council, ဆက်သွယ်ရေး ဥပဒေ ၂၀၁၃, Naypyidaw, October 8, 2013, https://www.mlis.gov.mm/lsScPop.do?lawordSn=1075 [accessed May 29, 2023].

၅၃ State Peace and Development Council, ဆက်သွယ်ရေး ဥပဒေ ၂၀၁၃, Naypyidaw, October 8, 2013, https://www.mlis.gov.mm/lsScPop.do?lawordSn=1075 [accessed May 29, 2023].

ဇန်နဝါရီ (၃၁) ရက်နေ့တွင် တရားစွဲဆိုခဲ့ပြီး ရဲတပ်ဖွဲ့မှ ဆက်သွယ်ရေးဥပဒေပုဒ်မ -၆၆(ဃ)သို့ ပြောင်းလဲခဲ့ပြီး ၂၀၁၇ ခုနှစ် ဇွန်လ (၄) ရက်နေ့တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

“ပုဒ်မ-၃၄ (ဃ) အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန်ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းစေရန် ဖြစ်စေ၊ သတင်းအချက်အလက်ကို အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်ခြင်း၊ ပြုပြင် ခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊ ထိုသို့ပြုလုပ်ခြင်း၊ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊ ပြုလုပ်ထားသည့် အချက်အလက်ကိုဖြန့်ချီခြင်း။မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၅နှစ် အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်”[၅၄]

အလားတူ NLD အစိုးရလက်ထက်အရောက်တွင်လည်း အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကဲ့သို့သော ဥပဒေဖြင့် ပြည်တွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်သော International Non- Governmental Organizations (INGOs), Non-Governmental Organizations (NGOs), Civil Society Organizations (CSOs) (အရပ်ဖက်အဖွဲ့အစည်းများ)နှင့် ရပ်ရွာအခြေပြု ကိုယ်ထူကိုယ်ထအဖွဲ့အစည်းများ အပေါ်တွင် ထိန်းချုပ်ခြင်း၊ ကန့်သတ်ခြင်းများလုပ်ဆောင်ခဲ့ပြီး၊ ၂၀၂၀ ခုနှစ်အရောက်တွင် အမိန့်ကြေငြာစာအမှတ် ၁/၂၀၂၀ ဖြင့် ပြည်တွင်းရှိ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ၏ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စီစစ်ရမည့်အချက်များဟူ၍ ထုတ်ပြန်ကြေငြာခဲ့ပြန်ပါသည်။[၅၅]

“အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များက မှတ်ပုံတင်လျှောက်ထားရာတွင် -

(က) လျှောက်ထားသည့်အသင်းအဖွဲ့သည် နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပြီး ယင်းအသင်းအဖွဲ့၏ ရုံးခွဲအဖြစ် မှတ်ပုံတင်လျှောက်ထားခြင်း ဟုတ်/မဟုတ်။
(ခ) လျှောက်ထားသည့် အသင်းအဖွဲ့၏ အမှုဆောင်အဖွဲ့တွင် မြန်မာနိုင်ငံသား အနည်းဆုံးနှစ်ဦး ပါဝင်သော အမှုဆောင်ဦးရေ ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသည့် လူအများဖြင့် ပါဝင်ဖွဲ့စည်းထားခြင်း ရှိ/မရှိ။
(ဂ) လျှောက်ထားသည့် အသင်းအဖွဲ့သည် နိုင်ငံတော်အတွင်း လူမှုရေးလုပ်ငန်းကို ဆောင်ရွက်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်း ဟုတ်/မဟုတ် အခြေခံ၍ စိစစ်ဆောင်ရွက်ရမည်”။

၎င်းထုတ်ပြန်ချက်ကြောင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းဖွဲ့များအနေဖြင့် လူမှုရေးလုပ်ငန်းကို လုပ်ဆောင်မှသာ အသင်းဖွဲ့မှတ်ပုံတင်ခွင့်ရရှိနိုင်မည်ဖြစ်ပြီး၊ အခွင့်အရေးချိုးဖောက်ခံရသူများအတွက် အခွင့်အရေးတောင်းဆိုသည့် လုပ်ငန်းစဉ်များ လုပ်ဆောင်ကြမည့် နိုင်ငံတကာအသင်းအဖွဲ့များအတွက် ကန့်သတ်ချက်များ ရှိလာနိုင်သည်ကို တွေ့မြင်နိုင်သည်။

---

၅၄ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၄(ဃ), April 30, 2014, https://www.mlis.gov.mm/lsScPop.do?lawordSn=1097 [accessed June 16, 2023].

၅၅ Union Registration Board, အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀: (အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ၏ မှတ်ပုံ တင် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်ရမည့် အချက်များ), Naypyidaw, June 11, 2020, https://www.mlis.gov.mm/lsScPop.do?lawordSn=14490# [accessed May 29, 2023].

ဤအချက်သည် "လူတစ်ဦးချင်း၊ အုပ်စုများ၊ ဌာနအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းနှင့် အခြားလူ့အခွင့်အရေးကြေငြာစာတမ်းများတွင် ဖော်ညွှန်းထားသော အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ အပြည့်အဝထွန်းကားစေနိုင်သည့် လူမှုဘဝနှင့် နိုင်ငံတကာစံချိန်များ တိုးတက်ထွန်းကားအောင် သင့်လျော်သလို ပါဝင်ကြိုးပမ်းလုပ်ဆောင်ရန် အရေးကြီးသောအခန်းတွင် ပါဝင်နေပြီး တာဝန်လည်းရှိသည်။''[၅၆] ဟူသည့် UN Declaration on Human Rights Defenders အပိုဒ်-၁၈ (၃)ပါ ပြဋ္ဌာန်းချက်ကို မျက်ကွယ်ပြုထားသည်မှာ သိသာလှပေသည်။

၅၆ General Assembly, Declaration on Human Rights Defenders, A/RES/53/144, March 8, 1999, https://www.ohchr.org/en/special-procedures/sr-human-rights-defenders/declaration-human-rights-defenders#:~:text=The%20Declaration%20on%20human%20rights,Declaration%20on%20human%20rights%20defenders [accessed May 29, 2023].

## အဖြေများ

၁။ (ခ) အာမခံ မရနိုင်။

၂။ (ခ) မရှိပါ။

၃။ (က) ထောင်ဒဏ်၁ဝနှစ်။ (အချိန်ကာလပေါ် မူတည်၍ ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်လည်း ဖြစ်နိုင်ပါသည်။)

၄။ (ခ) လုံခြုံမှုမရှိပါ။ အဘယ့်ကြောင့်ဆိုသော် အချိန်မရွေး ဖွင့်ဖောက်စစ်ဆေး ဝင်ရောက်ကြည့်ရှုနိုင်သောကြောင့် ဖြစ်သည်။

၅။ (ခ) အခွင့်အရေးမရှိ။

# အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များ

| အစိတ်အပိုင်းများ | ဥပမာများ | ဥပမာများ |
|---|---|---|
| အာဏာသိမ်းမှု (နာမဝိသေသန) | တရားဥပဒေစိုးမိုးရေး (နာမ်) | စစ်ကောင်စီ (နာမ်) |
| အရပ်သားအစိုးရများ(နာမ်)<br>အစိုးရ | လူ့အခွင့်အရေး (နာမ်)<br>လူ့အခွင့်အရေးချိုးဖောက်မှု | အုပ်ချုပ်ရေး(နာမ်)<br>ဥပဒေပြုရေး(နာမ်) |
| ပြည်ထောင်စုတရားလွှတ်တော်<br>(နာမ်) | တည်ဆဲဥပဒေများ(နာမ်) | ပြစ်မှု(နာမ်) |
| နည်းဥပဒေများ(နာမ်) | ပြစ်ဒဏ်(နာမ်) | ရာဇဝတ်မှု (နာမ်) |
| နိုင်ငံတော်သစ္စာဖောက်ဖျက်<br>ပုန်ကန်ခြင်း (နာမဝိသေသန) | ရာဇဝတ်ကျင့်ထုံးဥပဒေ၊<br>ဖွဲ့စည်းပုံအခြေခံဥပဒေ(နာမ်) | ရာဇသတ်ကြီး (နာမ်) |
| တပ်မတော်၊ တပ်မတော်သားများ<br>(နာမ်) | ပြည်ထောင်စု(နာမ်) | ကျင့်ဝတ် (နာမ်) |
| ဆန္ဒပြပွဲ (နာမ်) | ဖမ်းဝရမ်း (နာမ်) | ထိတ်လန့်စေခြင်း(နာမဝိသေသန) |
| အာမခံ (နာမ်) | ဆင်ခြင်တုံတရား (နာမ်) | ခြွင်းချက် (နာမ်) |
| ချိန်နဲ့သူများ (နာမ်) | တရားလိုပြသက်သေ (နာမ်) | ကျေအေးခွင့် (နာမ်) |
| သေဒဏ် (နာမ်) | တိုင်းရင်းသား (နာမ်) | မျိုးနွယ်စု (နာမ်) |
| အယူခံပိုင်ခွင့် (နာမ်) | ကလေးသူငယ် (နာမ်) | လူမျိုးတုန်းစေမှု (နာမဝိသေသန) |
| အာဏာရှင်များ (နာမ်) | လက်နက်ကိုင်ခုခံမှု(နာမဝိသေသန) | အုပ်ချုပ်ရေးဆိုင်ရာယန္တရားများ<br>(နာမ်) |
| ပရဝဏ် (နာမ်) | နိုင်ငံတကာဥပဒေများ (နာမ်) | ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှု<br>(နာမဝိသေသန) |
| နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ<br>လွတ်လပ်မှုနှင့်လုံခြုံမှုကို<br>ကာကွယ်ပေးရေးဥပဒေ (နာမ်) | ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ် စုရှိ<br>အုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊<br>ရာအိမ်မှူး၊ဆယ်အိမ်မှူး (နာမ်) | လူ့ဂုဏ်သိက္ခာ (နာမ်) |
| နောက်ယောင်ခံစောင့်ကြည့်ခြင်း<br>(နာမဝိသေသန) | စုံထောက်ခြင်း(နာမဝိသေသန) | ဆက်သွယ်ရေးပစ္စည်းကိရိယာ (နာမ်) |
| အီလက်ထရောနစ်ဆက်သွယ်ရေး<br>(နာမ်) | ချောထုပ် (နာမ်) | အဓမ္မဝင်ရောက်စွက်ဖက်ခြင်း<br>(နာမဝိသေသန) |

| | | |
|---|---|---|
| ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်း (နာမ်) | ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဥပဒေ (နာမ်) | မြေယာနှင့် သဘာဝပတ်ဝန်းကျင် အရေးတက်ကြွလှုပ်ရှားသူများ (ERDs) (နာမ်) |
| အကြောင်းပြချက်မဲ့ဖမ်းဆီးခြင်း (နာမဝိသေသန) | တည်ဆဲဥပဒေ(နာမ်) | ရဲလက်စွဲ(နာမ်) |
| ဘေးအန္တရာယ်များ (နာမ်) | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ (နာမ်) | အမှုလိုက်ပါဆောင်ရွက်ပေးနေသည့် ရှေ့နေများ(နာမ်) |
| ဝါဒဖြန့်မှု(နာမဝိသေသန) | အကြမ်းဖက်မှုကိုငွေကြေး ထောက်ပံ့မှုဆိုင်ရာပြစ်မှု(နာမ်) | အီလက်ထရောနစ်ဆက်သွယ်ရေး ကွန်ယက်(နာမ်) |
| ဥပဒေဖြင့်ဖိနှိပ်ခြင်း (နာမဝိသေသန) | ကိုယ်ရေးဆိုင်ရာအချက်အလက် (နာမ်) | ပုဂ္ဂိုလ်ရေးဆိုင်ရာဒေတာ (နာမ်) |
| ဆိုက်ဘာလုံခြုံရေး(နာမ်) | ဆိုက်ဘာမှုခင်းဆိုင်ရာတိုက်ခိုက်မှု၊ အလွဲသုံးစားမှုနှင့်မတော်ဆမှု (နာမဝိသေသန) | အချုပ်အခြာအာဏာ(နာမ်) |
| ခရိုနီ (အခွင့်ထူးခံစီးပွါးရေးသမား) (နာမ်) | Social Punishment (လူမှုရေးအရ ဒဏ်ခတ်မှု)(နာမဝိသေသန) | သတင်းမီဒီယာ(နာမ်) |
| ဆိုက်ဘာနယ်ပယ်(နာမ်) | သတင်းတု၊ သတင်းမှား (နာမ်) | တရားဥပဒေနှင့်ညီညွတ်မှုဆိုင်ရာ အခြေခံမှုများ(နာမ်) |
| ပုဂ္ဂိုလ်ရေး (privacy)(နာမ်) | လွတ်လပ်စွာအမြင်သဘောထားရှိခွင့် (နာမ်) | လွတ်လပ်စွာထုတ်ဖော် ပြောကြားခွင့်(နာမ်) |
| လူမှုကွန်ယက်(နာမ်) | မိုဘိုင်းဖုန်း(နာမ်) | နယ်နိမိတ်(နာမ်) |
| အပြည်ပြည်ဆိုင်ရာသဘောတူ စာချုပ် (နာမ်) | ရဲအချုပ်(နာမ်) | အကျဉ်းထောင်(နာမ်) |
| ဥပဒေရုံး(နာမ်) | တရားရုံး(နာမ်) | အကျဉ်းဦးစီးဌာန(နာမ်) |
| အိမ်စောင့်အစိုးရ(နာမ်) | တစ်သက်တစ်ကျွန်းပြစ်ဒဏ် (နာမ်) | တော်လှန်ရေးကောင်စီ(နာမ်) |
| စစ်ခုံရုံး(နာမ်) | ရွှေဝါရောင်တော်လှန်ရေး (နာမ်) | စစ်အုပ်ချုပ်ရေး(နာမ်) |
| အလုပ်ကြမ်းနှင့်ထောင်ဒဏ် (နာမ်) | ဥပဒေလမ်းကြောင်းအရ ကိုယ်စားပြု ခွင့်(နာမ်) | မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းပါအခွင့်အရေးများ(နာမ်) |

| | | |
|---|---|---|
| ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်စာချုပ်(နာမ်) | စစ်ကြောရေးစခန်းများ(နာမ်) | မတရားဖမ်းဆီးခံရခြင်း (နာမဝိသေသန) |
| လုပ်ထုံးလုပ်နည်း(နာမ်) | အမိန့်ပေးစေခိုင်းချက်(နာမဝိသေသန) | တရားစီရင်ရေးဆိုင်ရာအခြေခံမှု (နာမ်) |
| အကျင့်စာရိတ္တပြုပြင်မှု (နာမ်) | ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး(နာမ်) | ခုခံချေပခွင့်(နာမ်) |
| တရားရုံးများလက်စွဲ(နာမ်) | ဥပဒေအရကန့်သတ်ချက်များ(နာမ်) | စာချွန်တော်အမိန့်(နာမ်) |
| နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (နာမဝိသေသန) | စီးပွားရေးပိတ်ဆို့ အရေးယူမှုများ (နာမ်) | ပြည်တွင်းလုပ်ငန်းရှင်(နာမ်) |
| သယံဇာတများတူးဖော်ထုတ်လုပ်ခြင်း(နာမဝိသေသန) | ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့-LDF (နာမ်) | ကုလသမဂ္ဂ(နာမ်) |
| လူ့အခွင့်အရေးကြေငြာစာတမ်း(နာမ်) | စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုများ (နာမဝိသေသန) | လိင်ပိုင်းဆိုင်ရာကျူးလွန်စော်ကားမှုများ (နာမဝိသေသန) |
| ရှေ့နေရှေ့ရပ်များ(နာမ်) | အတင်းအဓမ္မနည်းလမ်း(နာမ်) | ဖြောင့်ချက် ၊ဝန်ခံချက် (နာမ်) |
| ဝါဒဖြန့် သတင်းမီဒီယာ(နာမ်) | အကျဉ်းထောင်လက်စွဲ(နာမ်) | မန်ဒဲလ်လားစည်းမျဉ်း(နာမ်) |
| ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ (နာမ်) | တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် (နာမ်) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ တရားရုံး တရားသူကြီးများ (နာမ်) |
| ခရိုင်တရားရုံးတရားသူကြီးများ(နာမ်) | ရဲဘက်စခန်းများ၊ အလုပ်စခန်း အချုပ်ခန်းများ(နာမ်) | ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ(နာမ်) |
| မသန်စွမ်းသူများ(နာမ်) | လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကြေငြာစာတမ်း (နာမ်) | ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းနှင့် စုဝေးခွင့်ဆိုင်ရာဥပဒေ (နာမ်) |
| စစ်ပွဲဆန့်ကျင်ရေးလှုပ်ရှားမှု (နာမဝိသေသန) | လယ်ယာမြေအရေးဆန္ဒပြမှု (နာမဝိသေသန) | စီတန်းလှည့်လည်ခြင်း (နာမဝိသေသန) |
| ခြောက်လှန့်တောင်းယူခြင်း (နာမဝိသေသန) | အသရေဖျက်ခြင်း(နာမဝိသေသန) | အစိုးရမဟုတ်သောအဖွဲ့အစည်းများ (နာမ်) |

| | | |
|---|---|---|
| ရပ်ရွာအခြေပြုကိုယ်ထူကိုယ်ထ အဖွဲ့အစည်းများ(နာမ်) | သွေးထိုးလှုံ့ဆော်ခြင်း (နာမဝိသေသန) | မမှန်သတင်းများဖြန့်ခြင်း (နာမဝိသေသန) |
| မတရားချုပ်နှောင်ခံရခြင်း (နာမဝိသေသန) | ဒေသကာကွယ်ရေးတပ်ဖွဲ့ - PDF (နာမ်) | |

# ကိုးကားချက်များ

**Assistance Association for Political Prisoners,** 'အေအေပီပီမှမေလအတွက် လစဉ်အစီရင်ခံစာသုံးသပ်ချက် နှင့် လက်ကျန် နိုင်ငံရေးအကျဉ်းသားစာရင်းထုတ်ပြန်,' June 20, 2018, https://aappb.org/bu?p=7341 [accessed May 29, 2023].

— ဥပဒေမဲ့ ဖြိမ်းခြောက်ခြင်းကို ရင်ဆိုင်နေရသော ဥပဒေ အကျိုးဆောင်များ အစီအရင်ခံစာ,' July 2, 2021, https://aappb.org/bu?p=16281 [accessed June 16, 2023].

**BBC News Burmese,** 'စစ်ကောင်စီ ပြဋ္ဌာန်းလိုက်တဲ့ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ပုဒ်မတွေ,' August 28, 2021, https://www.bbc.com/burmese/burma-58361379 [accessed May 26, 2023].

— 'ကချင်ပြည်နယ်က မြေရှားသတ္တုတူးဖော်မှု အများအပြား ပြန်စလာ,' April 13, 2022, https://www.bbc.com/burmese/burma-61099871 [accessed May 29, 2023].

— 'ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ထွက်ဆိုမယ့်ရုံးချိန်းမတိုင်ခင် ရှေ့နေတွေစကားပြောခွင့် ဆက်တိုက်ပိတ်ပင်ခံနေရ,' October 23, 2023, https://www.bbc.com/burmese/burma-59021249 [accessed May 29, 2021].

နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့အား စွဲဆိုထားသောအမှုများတွင် လိုက်ပါဆောင်ရွက်နေသောရှေ့နေများကို ၁၄၄ အမိန့်များထုတ်ဆင့်ခဲ့ခြင်း- ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေတစ်ဦးဖြစ်သူကို အောက်တိုဘာ ၂၃ ရက်နေ့တွင် မီဒီယာများအပါအဝင် ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြောဆိုခြင်းမလုပ်ရန် တားမြစ်သည့်ပုဒ်မ ၁၄၄ အမိန့်ထုတ် ပြန်ခဲ့ခြင်း။ ၎င်းမှာ ရှေ့နေ ၅ ဦးမြောက် ၁၄၄ အထုတ်ခံရခြင်းလည်း ဖြစ်သည်။

Burma Library, Appendices of the Burma Jail Manual Part 2+3 (reprinted edition of 1969) 1983-Rangoon, "CHAPTER IX Visits to Prisoners," article 40, https://www.burmalibrary.org/docs16/Jail_Manual.pdf [accessed Jan 23, 2024].

— Appendices of the Burma Jail Manual Part 2+3 (reprinted edition of 1969) 1983-Rangoon https://www.burmalibrary.org/docs16/Jail_Manual.pdf [accessed Jan 23, 2024].

— Criminal Procedure Code, အခန်း(၇)(ဃ), ပုဒ်မ(၁၀၃)သက်သေများရှေ့မှောက်တွင် ရှာဖွေခြင်းကို ပြုလုပ်ရခြင်း။ ။ (P-33) https://www.burmalibrary.org/docs15/code-of-criminal-procedure-bu-red-ocr-image-en.pdf [accessed Feb 23, 2024].

__Criminal Procedure Code, အခန်း(၅)။ ပုဒ်မ(၆၁)ဖမ်းဆီးထားသူကို (၂၄)နာရီထက်ကျော်လွန်၍ ချုပ်မထားရခြင်း (P-18 and 67 ), ပုဒ်မ ၄၇၊၄၈ နှင့် ၄၉ တို့ပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၆၆ အရ ဖမ်းဆီးသည့်အမှုများနှင့် သက်ဆိုင်ခြင်း (P-19)။ https://www.burmalibrary.org/docs15/code-of-criminal-procedure-bu-red-ocr-image-en.pdf [accessed Feb-21-2024].

— Criminal Procedure Code, အခန်း ၂၄၊ ပုဒ်မ-၃၄၀ (၁)- ရာဇဝတ်တရားရုံးတစ်ရုံးတွင် ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခံရသူ မည်သူမဆို (သို့မဟုတ်) ဆိုခဲ့သည့် တရားရုံးတစ်ရုံးတွင် ကျင့်ထုံးဥပဒေအရ အမှုစွဲဆိုခြင်းခံရသူ မည်သူမဆို ရှေ့နေဖြင့်ခုခံချေပပိုင်ခွင့်ရှိသည်။ https://www.burmalibrary.org/docs15/code-of-criminal-procedure-bu-red-ocr-image-en.pdf [accessed Jan-21-2024].

Centre for Law and Democracy, နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေအားလေ့လာစိစစ်ခြင်း , n.d., n.l.,( May 2021) https://www.law-democracy.org/live/wp-content/uploads/2021/05/Myanmar.Penal-Code-Analysis.Burmese.FINAL_.pdf [accessed May 26, 2023].

Court Manual တရားရုံးများလက်စွဲ အပိုင်း(၄)၊ အခန်း (၁၇)၊ ပုဒ်မ ၄၅၅ (၁)။ https://rcms.usc.gov.mm/bcmdetail [accessed Jan 21, 2024].

General Assembly, Declaration on Human Rights Defenders, A/RES/53/144, March 8, 1999, https://www.ohchr.org/en/special-procedures/sr-human-rights-defenders/declaration-human-rights-defenders#:~:text=The%20Declaration%20on%20human%20rights,Declaration%20on%20human%20rights%20defenders [accessed May 29, 2023].

Hanns Seidel Foundation, International Covenant on Civil and Political Rights, Myanmar and English version, n.d., n.l., အပိုဒ်-၁၉- ၁၂, https://view.publitas.com/hanns-seidel-foundation-myanmar/iccpr-english-myanmar/page/28-29 [accessed June 16, 2023].

—International Covenant on Civil and Political Rights, Myanmar and English version, n.d., n.l., https://view.publitas.com/hanns-seidel-foundation-myanmar/iccpr-english-myanmar/page/12-13 [accessed June 16, 2023].

Institute for Strategy and Policy-Myanmar, ဥပဒေကြောင်းအရ တိုက်ပွဲသည်လည်းအရေးကြီးပါသည်, n.l., March 27, 2021, https://www.ispmyanmar.com/burmese/wm-12/ [accessed May 26, 2023].

Kachin News Group, 'ရဝမ်လူငယ်အသင်း ဥက္ကဋ္ဌဦးဖုန်ရော့ဗီနန်ကို စစ်ကောင်စီမှ ထောင်ဒဏ် ၁၀ နှစ် ချမှတ်,' June 29, 2022, https://burmese.kachinnews.com/2022/06/29/jun29-yl1/?fbclid=IwAR3uDj8LzuT8xCCZLEzv5SwxzNdCTPb95RPFC7VQBQFwyr6tCFiAueIC32g [accessed May 29, 2023].

K. Ngyi Peik (ed.), Burma Law Reports, Rangoon: High Court of Burma and Government Printing and Stationery, 1960, 'Hussain Bux Khan v. The Union of Burma,' p. 192, https://myanmar-law-library.org/IMG/pdf/book_38-ok.pdf [accessed May 26, 2023].

Myanmar Alliance for Transparency and Accountability-MATA 'ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ မဟာမိတ်အဖွဲ့ဝင်များ ဖမ်းဆီးခံရမှုဖြစ်စဉ်,' Facebook post, September 6, 2021, https://m.facebook.com/MATANRGMYANMAR/posts/6003777923025853/?comment_id=6003967423006903, [accessed June 16, 2023].

— MATA ကိုကျော်မင်းထွဋ်နှင့်သူ၏မိသားစုဝင်များအားဖမ်းဆီးခံရခြင်းနှင့်ပတ်သက်ပြီး ERI မှ ကြေငြာချက်ထုတ်ပြန် https://eia-international.org/news/statement-on-the-arrest-and-detention-in-myanmar-of-forests-defender-kyaw-minn-htut/ [accessed Jan 21,2024].

Mizzima TV, '"ဖမ်းဆီးခံရပြီးတဲ့ အချိန်မှစ၍ မိသားစုနှင့်တွေ့ခွင့်မရခဲ့တဲ့ ကိုလှမျိုးအောင်",' 2022, https://www.youtube.com/watch?v=Evn57NKv4pQ [accessed May 29, 2023].

Myanmar National Human Rights Commission-MNHCR, UDHR article 7, April 17, 2013, https://myanmar.gov.mm/documents/20143/0/UDHR-1+%281%29.pdf/c973ec8a-9152-bce0-9022-cac34877b406?t=1561355041132 [accessed Jan 21, 2024].

— MNHCR, UDHR article 19, April 17, 2013, https://myanmar.gov.mm/documents/20143/0/UDHR-1+%281%29.pdf/c973ec8a-9152-bce0-9022-cac34877b406?t=1561355041132 [accessed June 19, 2023].

Myanmar News Agency, 'Appointment and Duty Assignment of Supreme Court Justices,' The New Global Light of Myanmar, February 8, 2021, https://www.gnlm.com.mm/appointment-and-duty-assignment-of-supreme-court-justices/ [accessed May 26, 2023].

— 'Duty Termination of Justices of Supreme Court of the Union,' The New Global Light of Myanmar, February 5, 2021, https://www.gnlm.com.mm/duty-termination-from-justices-of-supreme-court-of-the-union/ [accessed May 26, 2023].

Office of the Commander-In-Chief of Defence Services၊အမိန့်အမှတ်(၉/၂၀၂၁)၊ ထုတ်ပြန်ချက်, February 2, 2021, https://cincds.gov.mm/node/10467?d=1 [accessed June 19, 2023].

Police Manual Part (II), ၂၀ဝဝ ပြည့်နှစ်၊ရဲလက်စွဲ ဒုတိယတွဲ ။အပိုဒ်(၁၃၅၃)- ဖမ်းဆီးရမိသူတို့အားချုပ်နှောင်ထားရှိခြင်း။ စာမျက်နှာ (၂၀၁) ။ https://policeforce.gov.mm/phocadownload/police-arm2.pdf?d=1 [accessed June 19, 2023].

— ၂၀ဝဝ ပြည့်နှစ်၊ရဲလက်စွဲ, အပိုဒ်- ၁၃၆၂။ https://policeforce.gov.mm/phocadownload/police-arm2.pdf?d=1 [accessed June 20, 2023].

—၂၀ဝဝ ပြည့်နှစ်၊ရဲလက်စွဲ, ဒုတိယအတွဲ၊ အခန်း(၆၆)၊အပိုဒ်(၁၇ဝ၆)၊ စာမျက်နှာ (၄၆၇)။ https://policeforce.gov.mm/phocadownload/police-arm2.pdf?d=1 [accessed June 19, 2023]

Radio Free Asia- RFA, 'ကမာရွတ်မီဒီယာမှ ကိုနေသန်မောင်အတွေ့အကြုံများ,'ကမာရွတ်မီဒီယာမှ မြန်မာပြည်မှာ ဒီစစ်တပ်သာ ဆက်အုပ်ချုပ်နေသရွေ့က ဒီမိုကရေစီမပြောနဲ့ နိုင်ငံသားတဦးချင်း အသက်ရှင်ရပ်တည်ခွင့်တောင်မသေချာတော့ဘူး (ငရဲခန်းက လွတ်မြောက်လာသူ ကိုနေသန့်မောင်နှင့် RFA အင်တာဗျူး, June 29, 2021, https://www.facebook.com/watch/?v=981047842713549 [accessed May 29, 2023].

Sarpay Beikman, ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်ထုတ် အတွဲ (၇၄)၊ အမှတ် (၁၆) ပြန်တမ်းစာစောင်, April 16, 2021, https://www.mediafire.com/file/3wgsq8smd27m04c/Vol-74,No-16.pdf/file [accessed June 16, 2023].

State Administration Council, ဥပဒေအမှတ် ( ၅ / ၂၀၂၁), ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ, February 14, 2021 https://www.mlis.gov.mm/mLsView.do;jsessionid=1084EB31452EB2BEEDE9746452ECC45C?lawordSn=15836 [accessed June 16, 2023].

– နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ, ဥပဒေအမှတ် (၃/၂၀၂၁), ရပ်ကွက်(သို့) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ, February 13, 2021, https://www.mlis.gov.mm/mLsView.do;jsessionid=6DB09B13E5EAA0A63EC2BF4444D4F48C?lawordSn=15834 [accessed June 19, 2023].

— အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ, Naypyidaw, February 15, 2021, https://www.mlis.gov.mm/mLsView.do;jsessionid=67EF7240A29BE48073F69FFB29B6B707?lawordSn=15867 [accessed May 26, 2023].

— အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ, Myanmar Legal Information System, August 1, 2021, https://www.mlis.gov.mm/mLsView.do;jsessionid=EEF3C46D3E5020C3F98248381EDE3CFE?lawordSn=16614 [accessed May 26, 2023].

— နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၄ / ၂၀၂၁ ) နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ, https://myanmar-law-library.org/law-library/laws-and-regulations/laws/myanmar-laws-1988-until-now/state-administration-council-2021/myanmar-laws-2021/state-administration-council-law-no-04-2021-amendment-of-law-protection-the.html [accessed May 26, 2023].

State Peace and Development Council- SPDC, ဆက်သွယ်ရေးဥပဒေ ၂၀၁၃, Naypyidaw, October 8, 2013, https://www.mlis.gov.mm/lsScPop.do?lawordSn=1075 [accessed May 29, 2023].

— Constitution of the Republic of the Union of Myanmar, Naypyidaw: Printing & Publishing Enterprise: Ministry of Information, 2008, https://www.burmalibrary.org/sites/burmalibrary.org/files/obl/docs09/Myanmar_Constitution-2008%28en%26bu%29-red.pdf [accessed May 26, 2023].

—၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ နှင့် ၃၇၅။ May 29, 2008, http://www.asianlii.org/mm/legis/const/2008/1.pdf [accessed June 16, 2023].

— ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ-၂၅ (က), January 18, 2016, https://www.mlis.gov.mm/lsScPop.do?lawordSn=1379 [accessed June 16, 2023].

— အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၄(ဃ), April 30, 2014, https://www.mlis.gov.mm/lsScPop.do?lawordSn=1097 [accessed June 16, 2023].

UDHR article 9. https://www.ohchr.org/sites/default/files/UDHR/Documents/UDHR_Translations/bms.pdf [accessed June 20, 2023].

— article 19. https://www.ohchr.org/sites/default/files/UDHR/Documents/UDHR_Translations/bms.pdf [accessed June 20, 2023].

— Article 3 https://myanmar.gov.mm/documents/20143/0/UDHR-1+%281%29.pdf/c973ec8a-9152-bce0-9022-cac34877b406?t=1561355041132 [accessed June 19, 2023].

Union Hluttaw, ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ, Naypyidaw, January 18, 2016 [amended May 26, 2017], https://www.mlis.gov.mm/mLsView.do;jsessionid=6C0595E1718EDADC819F25B80745B7C9?lawordSn=8195 [accessed May 26, 2023].

— အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည), June 4, 2014, https://www.mlis.gov.mm/mLsView.do;jsessionid=FBF2065E92E2DCCFEF18B6510FB52E47?lawordSn=994 [accessed June 16, 2023]

— ငြိမ်းချမ်းစွာစီတန်းလှည့်လှယ်၊စုဝေးခွင့်ဆိုင်ရာဥပဒေ ၂၀၁၆, Naypyitaw, October 4, 2016, https://www.mlis.gov.mm/lsScPop.do?lawordSn=1024 [accessed May 29, 2023].

United Nations, 'Nelson Mandela Rules,' n.d., https://www.un.org/en/events/mandeladay/mandela_rules.shtml [accessed May 29, 2023].

Union Registration Board, အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀, (အစိုးရမဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့များ၏ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စိစစ်ရမည့်အချက်များ), Naypyitaw, June 11, 2020, https://www.mlis.gov.mm/lsScPop.do?lawordSn=14490# [accessed May 29, 2023].

VOA News, 'TOTAL နဲ့ Chevron စွမ်းအင်ကုမ္ပဏီကြီးတွေ မြန်မာနိုင်ငံမှာလုပ်ငန်းရပ်မယ်လို့ကြေညာ,' January 21, 2022, https://burmese.voanews.com/a/world-energy-companies-total-and-chevron-withdraw-from-Myanmar/6406572.html [accessed May 29, 2023].

EarthRights International